မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာ

မိမိတို့ တိုင်းရင်းသားလူမျိုးများအတွင်း သုခ၊ ဒုက္ခ အပေါင်းကို အေးအတူ၊ ပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြသည်။ ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော''မြန်မာ''ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနား တက်ရောက်အားပေး

၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲတွင် လွှတ်တော်များနှင့် အစိုးရတစ်ရပ် ရွေးချယ်ပေးကြရမည်ဖြစ် အနာဂတ်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုများအတွက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အသိတရားနှင့်ယှဉ်၊ သတိတရားနှင့် ပေါင်းစပ်ပြီး ရွေးချယ်ပေးကြရန်လိုအပ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၇ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပထဝီအနေအထားအရ မြစ်များ၊ ချောင်းများ၊ တောင်များ မည်သို့ပင် တားဆီးနေစေကာမူ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ချင်းပြည်နယ်သည် တောင်ပေါ်ဒေသတစ်ခုဖြစ်၍ ဒေသနေတိုင်းရင်းသားများအနေဖြင့် လယ်ယာထက် ဒေသစိုက်ပျိုးရေးကို အများဆုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိ၍ လုံခြုံရေးနှင့် စီးပွားရေး ကဏ္ဍများ၌ အရေးပါသော ဒေသတစ်ခုဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချင်းပြည်နယ်ရှိ ကန်ပက်လက်မြို့၊ မင်းတပ်မြို့၊ မတူပီမြို့နှင့် ဟားခါးမြို့များသို့ ဖေဖော်ဝါရီလ ၂ရက်နေ့က ကွင်းဆင်းခရီးရောက်ရှိခဲ့ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပေသည်။

ချင်းပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေဧရိယာဧက ၃၁၂၈၃၂ ရှိပြီး ဆည်တမံ ၃၇ ခုရှိသည်။ အခြေခံပညာကျောင်းပေါင်း ၁၁၇၇ ကျောင်း၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ဆေးရုံ ၂၄ရုံရှိသည်။ တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် စက်မှုနှင့် သက်မွေးပညာကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ကိုလည်း ဖွင့်လှစ်ပို့ချ သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ချင်းပြည်နယ်မှ ဒေသခံပြည်သူများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်မွေးမြူပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဒေသခံပြည်သူတို့သည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကြောင့် သဘာဝရေမြေ၊ တောတောင်၊ သားငှက်တိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်ပေါ်ရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ချင်းပြည်နယ်မှ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်နှင့်အတူ ဝမ်းစာဖူလုံရေးနှင့် မိသားစုဝင်ငွေများ တိုးတက်ရရှိရန်အတွက် မိသားစုတစ်စု တစ်နှစ်လျှင် လယ်ကားထစ်လယ်ယာ တစ်ဧကနှင့် လက်ဖက်တစ်ဧကကို ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်သွားကြမည်ဆိုပါက ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၇-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၂)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ရှင်သန်မယ်နေ့ရက်များ**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **သားများမေ့** မိုးဟေမာန်ခင်၊ ဝါဝါအောင် ဒါရိုက်တာ-ဆဲဗင်း(IC)
- ၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁၆)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၉)

လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉နာရီက နေပြည်တော် တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စာရေးများ တက်ရောက်ကြသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားသည်။ **(ယာပုံ)** သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌ ၁၈ဦး၊ အဖွဲ့ဝင် ၂၄ဦးနှင့် စာရေး ခုနစ်ဦး စုစုပေါင်း ၄၉ဦး တက်ရောက်ကြသည်။

(၀၉၁)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၆

၁။ **ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံ ခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထားဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

အမေရိကန် ဒုံးခွင်းဒုံးစနစ်များ အီရန်ထုတ်လုပ်နိုင်စွမ်းရှိဟုဆို

တီဟီရန် ဖေဖော်ဝါရီ ၆

အမေရိကန်၏ ထိရောက်မှုမရှိသော ဒုံးခွင်းဒုံးစနစ်များကို အီရန်နိုင်ငံက ထုတ်လုပ်နိုင်စွမ်းရှိကြောင်း အီရန်ထိပ်တန်းတပ်မှူး ဗိုလ်မှူးချုပ် ဟက်ဆန်ဖီရူဇာဘာဒီက ဖေဖော်ဝါရီ ၅ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ကို အီရန်သတင်းအေဂျင်စီ အီနာက သတင်းဖော်ပြသည်။

အမေရိကန်၏ ပက်ထရီယော့အမည်ရှိ ဒုံးခွင်းဒုံးစနစ်များကို ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း၊ မည်သည့်နေရာမျှ စမ်းသပ်မှုအောင်မြင်ခြင်းမရှိသော အမေရိကန်နိုင်ငံ၏ ဒုံးခွင်းဒုံးစနစ်များနှင့်ပတ်သက်၍ ဒေသတွင်း အစ္စလာမ္မစ်နိုင်ငံများအနေဖြင့် ငွေကုန်ကြေးကျလုပ်ကိုင်ရန် မသင့်ကြောင်း အီရန်ကြည်းတပ် အီရန်ပူးတွဲ ဦးစီးချုပ်က ကိုးကားပြောကြားသည်။ အမေရိကန်နိုင်ငံက ပင်လယ်ကွေ့နိုင်ငံများဖြစ်သည့် ဘာရိန်း၊ ကူဝိတ်၊ ကာတာနှင့် ယူအေအီးနိုင်ငံများအပါအဝင် အီရန်ကမ်းရိုးတန်းတစ်လျှောက် ဒုံးခွင်းဒုံးစနစ်များ ဖြန့်ကြက်ထားရန် စီစဉ်လျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဟန်ဂေရီ၌ A (H1N1) ကြောင့် သေဆုံးသူဦးရေ ၁၁၂ ဦးရှိ

ဘူခါရက် ဖေဖော်ဝါရီ ၆

ဟန်ဂေရီ၌ A (H1N1) တုပ်ကွေးရောဂါကြောင့် ၁၁၂ဦး သေဆုံးခဲ့ရကြောင်း ဟန်ဂေရီကျန်းမာရေးဝန်ကြီး တာမေ့စ်ဇီကေလီက ဘူခါရက်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဟန်ဂေရီနိုင်ငံ၌ အဆိုပါရောဂါခံစားနေရသူဦးရေ ၃၅၃၀၀၀ ရှိကြောင်း၊ နိုင်ငံ၏ လူဦးရေ ၁၀သန်းရှိရာတွင် သုံးသန်းမှာ ယင်းရောဂါကူးစက်ခံရမည့် အနေအထား ရှိကြောင်း၊ ပြီးခဲ့သော သီတင်းပတ်က ယင်းရောဂါလက္ခဏာရှိသူ ၁၅၄၀၀ရှိကြောင်း၊ ယင်းမှာ လွန်ခဲ့သော နှစ်ပတ်ကထက် အနည်းငယ်တိုးလာကြောင်း ဇီကေလီက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နိုင်ငံတကာသတင်းများ

ယီမင်၌ လက်နက်မျိုးစုံ ၁၃၀၀၀ကျော် ဇန်နဝါရီလအတွင်း သိမ်းဆည်းရမိ

ဆာနား ဖေဖော်ဝါရီ ၆

ယီမင်နိုင်ငံ၌ ဇန်နဝါရီလအတွင်း လက်နက်မျိုးစုံ ၁၃၁၅၄လက်ကို ယီမင်လုံခြုံရေး တပ်များက သိမ်းဆည်းရမိခဲ့ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ရက်တွင် ကြေညာသည်။

ဖော်ပြ

လက်နက်မျိုးစုံ ၈၆၅လက်ကို မြို့ကြီးများ၌ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်လက်နက်များကို အခြားသော မြို့ဝင်၊ မြို့ထွက်ဂိတ်များ၌ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

ကင်းလှည့်နေ

နိုင်ငံတည်ငြိမ်မှုနှင့် လုံခြုံမှုရှိစေရန်အလို့ငှာ အဆိုပါအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရာတွင် လက်နက်များသယ်ဆောင်သော ယာဉ်များလည်း ပါဝင်ကြောင်း၊ နေ့စဉ် ခြေကျင်ကင်းလှည့်တပ်ဖွဲ့များနှင့် စစ်ယာဉ် ၂၂စီးဖြင့် မြို့တော်အတွင်း ကင်းလှည့်နေကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆောပေါလို၌ မုန်တိုင်းများတိုက်ခတ် သေဆုံးသူ ၇၃ဦးအထိရှိ

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၆

ဘရာဇီးနိုင်ငံ ဆောပေါလို ပြည်နယ်၌ ဒီဇင်ဘာလမှစပြီး တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် အလောင်းသုံးလောင်း တွေ့ရှိခဲ့ရာ စုစုပေါင်းသေဆုံးသူ ၇၃ဦး ရှိသွားပြီဖြစ်ကြောင်း ဘရာဇီးအစိုးရက ဖေဖော်ဝါရီ ၄ရက်၌ ကြေညာသည်။

အဆိုပါပြည်နယ်၌ နောက်ဆုံး တိုက်ခတ်ခဲ့သော မုန်တိုင်းမှာ ဖေဖော်ဝါရီ ၃ရက်က ဖြစ်သည်။ ယင်းမုန်တိုင်းကြောင့် မြေပြိုခြင်းနှင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ မြို့တော် ဆောပေါလို၌ ယာဉ်သွားလာရေး အခက်အခဲများကြုံတွေ့လျက်ရှိပြီး ပြည်နယ်၏ ၃၈ နေရာတွင် အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆရာ ဆရာမများ ပညာရေးကဏ္ဍလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းရွက် မျိုးဆက်သစ်လူငယ်များ ၂၁ရာစု စိန်ခေါ်မှုပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရန် လေ့ကျင့်သင်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၆) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိင်္ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် မိမိတို့အနာဂတ်နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်ထူထောင်နိုင်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိပြီး တစ်ဆက်တည်းမှာပင် နိုင်ငံတကာအဆင့်မီ အရည်အချင်းမြင့်မား သည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ချမှတ်ဆောင်ရွက်

ယခုကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေး တာဝန်များကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝ စည်ပင်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာ့လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် အမျိုးသားရေးလမ်းကြောင်းမှန်ကို ချမှတ်ဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရအနေဖြင့် သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို ရယူပြီးချိန်ကစ၍ ဒို့တာဝန်အရေးသုံးပါး အမျိုးသားရေးမူဝါဒ အခြေခံအပေါ်တွင် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များစနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

လွတ်လပ်ရေး ကြိုးပမ်းမှုကာလ အမျိုးသားရေးလိုအပ်ချက်များအရ တိုင်းရင်းသား ပြည်သူများအကြားမှ ပေါ်ထွန်းလာခဲ့သော တပ်မတော်သည် ကာကွယ်ရေးတာဝန်များသာမက လွတ်လပ်ရေးရရှိပြီး ကာလတစ်လျှောက်လုံးတွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး ပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးရေး တာဝန်များကိုပါ ဦးလည်မသုန် ထမ်းဆောင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ယနေ့ဆိုလျှင် နယ်မြေဒေသများ တည်ငြိမ် အေးချမ်းမှုနှင့်အတူ နယ်စပ် ဒေသများပါမကျန် ကျေးလက်ဒေသများအထိ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနေမှုကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

စက်မှုနိုင်ငံ

မိမိတို့နိုင်ငံသည် သဘာဝအမွေဖြစ်သော ရေသယံဇာတ၊ မြေသယံဇာတများ ပြည့်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ ဤရေမြေ သယံဇာတများအပေါ် မှီတင်းပြီး အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြသောကြောင့် လူဦးရေအများစုသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် စီးပွားရေး ဦးတည်ချက်ကို ချမှတ်ထားရှိသဖြင့် မိမိနိုင်ငံ၏ အားသာချက်များဖြစ်သော ရေသယံဇာတ၊ မြေသယံဇာတ အခြေခံကောင်းများအပေါ်တွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များဖြင့် ကျွမ်းကျင်စွာ ပေါင်းစပ်အသုံးချခြင်းဖြင့် စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရေး ဦးတည်ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများဖြင့် ပါဝင်လည်ပတ်လျက်ရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်နိုင်သည်နှင့်အမျှ ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အဓိကဖော်ဆောင်သွားကြမည့် အင်အားတစ်ရပ်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ မွမ်းမံသင်တန်းများ စေလွှတ်လေ့ကျင့်မှု၊ လုပ်ငန်းခွင်ကျွမ်းကျင်ရေး လေ့ကျင့်ပေးမှု အစီအစဉ်များဖြင့် အစဉ်တစိုက် ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ဝန်ထမ်းကောင်းများ

ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်သကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ယူနေသည့် ပညာရေးဝန်ထမ်းများလည်း ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တို့ကို သေချာစွာ နားလည်သဘောပေါက်ပြီး ပညာရေးကဏ္ဍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခြင်းဖြင့် ပြည်သူတို့ကို အလုပ်အကျွေးပြုသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်သာမက မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကိုပါ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်း အစဉ်အလာများ၊ မျက်မှောက်ကာလ ပြည်တွင်းပြည်ပ ပကတိအခြေအနေများနှင့် အနာဂတ်အလားအလာများကို အမျိုးသားရေးအမြင်ဖြင့် မှန်မှန်ကန်ကန် ယှဉ်တွဲရှုမြင်နိုင်ပြီး စုစည်းညီညာစွာ ကြိုးပမ်းရေးအတွက် အသိပညာပေး လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ရေရှည်အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို လက်ဆင့်ကမ်း ထမ်းဆောင်သွားကြမည့် မျိုးဆက်သစ် လူငယ်များအနေဖြင့် ပိုမိုကျယ်ပြန့်သော အမျိုးသားရေး အသိအမြင်၊ ယုံကြည်ချက်၊ခံယူချက်များနှင့်အတူ ၂၁ရာစု စိန်ခေါ်မှု ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာစေရန် ရည်မှန်းပြီး မျက်ခြည်မပြတ် အစဉ်တစိုက် လေ့ကျင့်သင်ကြားခြင်းဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ၏ အဓိကကျသော ကဏ္ဍနှင့်ပတ်သက်ပြီး နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“စက်တစ်လုံး၏ စွမ်းအားသည် သာမန်လူ အမြောက်အမြားလုပ်ရသည့် အလုပ်တစ်ခုကို အလျင်အမြန် ပြီးမြောက်စေနိုင်သော်လည်း ထူးချွန်ထက်မြက်သည့် လူသားတစ်ယောက်ကိုမီသည့် အရည်အသွေးမျိုးကို မည်သည့် စက်မျိုးမှာမှ မရှိနိုင်ကြောင်း၊ ထို့ကြောင့် လူသားစွမ်းရည်သည် မည်သည့်နယ်ပယ်တွင်မဆို ပဓာနအကျဆုံး အခြေခံအချက်ပင်ဖြစ်ကြောင်း”** မိန့်ကြားလမ်းညွှန်ချက်ကို အလေးအနက် ခံယူကျင့်သုံးသွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန နည်းပညာတက္ကသိုလ်(တောင်ငူ)မှ ကထိက ကာသအမှတ် (C-၂၉) ဦးမျိုးဇော်မင်း၊ သင်တန်းသူ စံပြဆုရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပုသိမ်တက္ကသိုလ်မှ နည်းပြ ကာသအမှတ်(A - ၉၀) ဒေါ်မြတ်သဲစုခိုင်၊ သင်တန်းသား ဖွဲ့လုံ့လဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ဟင်္သာတ)မှ အကြီးတန်းနည်းပြ ကာသအမှတ်(C - ၃) ဦးအောင်ကြည်၊ သင်တန်းသူ ဖွဲ့လုံ့လဆုရရှိကြသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနမှ လက်ထောက်သုတေသနမှူး ကာသအမှတ် (A -၁၈၆) ဒေါ်သီတာဇော်ဝင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ဟင်္သာတ)မှ နည်းပြ ကာသအမှတ် (B-၁၂၅) ဒေါ်ခင်အေးကြွယ်တို့အားလည်းကောင်း၊ စံပြအဆောင်ဆု ရရှိကြသည့် အမျိုးသားတပ်ခွဲ (၅) အဆောင်(၁)နှင့် အမျိုးသမီး တပ်ခွဲ (၁) အဆောင်(၉)တို့မှ သင်တန်းခေါင်းဆောင်များအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၅၂၃ဦးတို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

စံပြဆု

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသူ စံပြဆုရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပုသိမ်တက္ကသိုလ်မှ နည်းပြ ဒေါ်မြတ်သဲစုခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ချင်းတွင်းအသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ချင်းတွင်းအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး အသက် (၈၀)နှင့်အထက် နာယကများ၊ သက်ကြီးအသင်းဝင် ဘိုးဘွားများ ပူဇော်ပွဲ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူအသင်းဝင်များ၏ သားသမီးများ၊ စာပေဆုရအသင်းဝင် ချင်းတွင်းနယ်သူနယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့် ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ စာပေဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်းနယ်သူ နယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅၊ ဗိုလ်မှူးကြီးပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးညွန့်ဝေ ဖုန်း-၅၀၀၁၀၅နှင့် အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇ အခန်း ၅၇သို့ ဖေဖော်ဝါရီ ၁၃ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ပြီး အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံးအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံပြပွဲ၌ TMW လီမိတက်ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသော Housing and Building ပြပွဲတွင် TMW Enterprise Limited က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းသော Sony, LG, T- Home Electronics ပစ္စည်းများနှင့် ဂျပန်နိုင်ငံလုပ် INAX ကြွေပြား၊ ကျောက်ပြားများ၊ အိမ်သာအိုးများ၊ ဘေစင်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးပြီး Life Style Concept ပုံစံဖြင့် ထူးခြားစွာ ပြသထားသည်။

Sony HD (Hight Defination) Product များနှင့် သုံးစွဲသူ User များအတွက် စိတ်ကျေနပ်ဖွယ် Resolution ကို ပေးနိုင်သော SONY BRAVIA LCD TV နှင့် Wireless Home Theatre (Audio System) Blue Ray Player များအပြင် SONY ၏ နောက်ဆုံးပေါ် Cyber- shot မော်ဒယ်ဖြစ်သော DSC TXI Camera နှင့် တွဲဖက်၍ Smile Shutter၊ Face Detection အပြင် အလိုအလျောက် အာရုံခံပြီး Capture ဓာတ်ပုံဖမ်းယူပေးသော လုပ်ဆောင်ချက်များ၊ SONY Projector၊ Hi-Fi Cassette များကိုလည်း အထူးသင့်လျော်သော ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

LG LCD များတွင် 19 လက်မ၊ 22လက်မ၊ 32လက်မ၊ 42လက်မ၊ လက်မ 50 အစရှိသော LCD TVများ Plasmaများကို ပြပွဲကာလအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ခေတ်မီလှပသော Living Room အခန်းထဲတွင် LG၏ ဒီဇိုင်းဆန်းပြားပြီး လှပသေသပ်သော New Model ရေခဲသေတ္တာနှင့် အခန်းတွင်းရှိ ပိုးမွှားများနှင့်အနံ့ဆိုးများကို ဖယ်ရှားသန့်စင်ပေးနိုင်သည့် Air Con Art Cool Model နှင့် သေးငယ်သော်လည်း စွမ်းအားမြင့်မားသည့် LG Portabel Hi- Fi Cassette ကို တွဲဖက်ပြသထားသည်။ LG၏ အခြား Product ဖြစ်သည့် အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာ၊ One door၊ Two door များကိုလည်း ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် T- Home Brand ၏ LCD TV , DVD, EVD player များ၊ Water Cooler များ၊ Freezer များ စသည်တို့ကိုလည်း စုံလင်စွာ ရောင်းချပေးလျက်ရှိသည်။ အိပ်ခန်းတွင်းသုံးအနံ့ဆိုးများကို ဖယ်ထုတ်ပေးပြီး လေကောင်း လေသန့်များ ထုတ်ပေးသည့် INAX ၏ အသက်ရှူကျောက်ပြားများ၊ Bathroom အခန်းတွင် Exterior ကြွေပြားများ၊ ရေချိုးကန်၌ အလိုအလျောက် ဖွင့်ပေးသော အဖုံးပါရှိသည့် Water Close Set၊ Cabinet တွဲလျက်ပါသော Basin များ၊ နည်းပညာ လေးမျိုးပါ ရှိပြီး ရေလီတာနှစ်ခုပါရှိသဖြင့် မြန်မာပြည်ရေသုံးစနစ်နှင့် အလွန်သင့်လျော်ပြီး Microguardနည်းပညာဖြင့် အညစ်အကြေးများကို သန့်ရှင်းရေးလုပ်သော Water Close Set တို့ကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသည့် Housing and Building ပြပွဲတွင် TMW Enterprise Limitedမှ Sony, LG, T- Home Electronics ပစ္စည်းများနှင့် ဂျပန်နိုင်ငံလုပ် INAX ကြွေပြား၊ ကျောက်ပြားများ၊ အိမ်သာအိုးများ၊ ဘေစင်များကို ပြသထားစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၆

အကယ်ဒမီအထူးထုတ် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ဂျာနယ်တွင် “နေပြည်တော်၌ နှစ်လအတွင်း နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးနှစ်လုံးဖွင့်လှစ်ခဲ့၊ ပန်းလှိုင်မြစ်ကိုဖြတ်၍ ဂေါက်သီးရိုက်ပြိုင်ပွဲ ယခုလ၌ ကျင်းပမည်၊ ကမ္ဘာ့ပထမဆုံး မြန်မာအက္ခရာသုံး Laptop များ ဈေးကွက်သို့ရောက်ရှိ၊ ချင်းပြည်နယ်တွင် စီးပွားဖြစ်နွားနောက်မွေးမြူရေးကို နှစ်ဆတိုးချဲ့မည်၊ မြန်မာက အရှေ့တောင်အာရှတွင် ဆင်အများဆုံးနိုင်ငံဖြစ်၊ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန် ပင်လယ်ပြင် တိုင်းတာမှုများစတင်၊ မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းတွင် တောင်ကိုရီးယားက ရင်းနှီးမြှုပ်နှံမည်၊ နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင်များကို ပုဂ္ဂလိကသို့ ရောင်းချ၍ စက်သုံးဆီ ဆိပ်ခံတံတား၊ သိုလှောင်ကန်၊ သိုလှောင်စခန်းနှင့် ဆိုင်သစ်များလည်း တည်ဆောက်နိုင်၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ အဘိုးအဘွား ၃၀၀အထိ လက်ခံသွားမည်၊ မွေးကတည်းက လက်နှစ်ဖက်မပါဘဲ ခြေထောက်ဖြင့် စာရေးပြီး နဝမတန်းတက်နေသူလေး အင်ဂျင်နီယာနှင့် အဆိုတော်ဖြစ်အောင် ကြိုးစားမည်၊ ရေဒါစနစ်သုံး ကူးတို့သင်္ဘောများ စတင်ပြေးဆွဲမည်၊ ဆိုမာလီမှ အယ်လ်ရှာဘတ်များက အယ်လ်ခိုင်ဒါများနှင့် မဟာမိတ်ဖွဲ့၊ ဝက်၏အဆုတ်များကို လူတွင်အစားထိုးကုသနိုင်တော့မည်၊ တရုတ်မှ ကိုးနှစ်အရွယ်မိန်းကလေး ကမ္ဘာ့အသက်ငယ်ဆုံး မိခင်ဖြစ်လာ၊ မိုနာလီဇာ ပန်းချီကားသည် ဒါဗင်ချီ၏ ရုပ်ဖျက်ထားသော ပုံတူလော၊ စီးကရက်က ပါးစပ်ထဲတွင် ပေါက်ကွဲ၍ သွားများကျိုးသွား၊ ယူနီဗာဆယ် စတူဒီယိုအပန်းဖြေ စခန်းကို တောင်ကိုရီးယားတွင်လည်း တည်ဆောက်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် အကယ်ဒမီ အထူးကဏ္ဍများနှင့် အကယ်ဒမီဆုပေးပွဲ မြင်ကွင်းအပြည့်အစုံဖြင့် မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ၁၆မျက်နှာ တိုးမြှင့်၍ စုစုပေါင်း ၅၂မျက်နှာပါဝင်ပြီး ဈေးမတက်ဘဲ ဦးဦးဖျားဖျား ထူးထူးခြားခြား ဖြန့်ချိထားသည်။

(သတင်းစဉ်)

ဝ ရှေ့ဖုံးမှ

ကမ္ဘာ့နိုင်ငံအသီးသီး၌ အရာရာကို မိမိတို့၏ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီးဆုံးဖြတ် မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီကိုကျင့်သုံးရာတွင် ပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများ

အတွေးအခေါ် အယူအဆ နိုင်ငံရေးဝါဒများ ကွဲပြားကြမှာဖြစ်သော်လည်း အားလုံးက အမျိုးသားအကျိုးစီးပွားပေါ် အခြေခံဆောင်ရွက်ကြရမှာသာဖြစ်

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင် အနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြစဉ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ကြွရောက်အားပေးကြသည့်အတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ယနေ့ည ကျင်းပသည့်အခမ်းအနားတွင် ၂၀၀၈ ခုနှစ်အတွင်း ထုတ်လုပ်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများအနက်က ထူးချွန်သည့်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား စိစစ်ရွေးချယ်ပြီး အကယ်ဒမီထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သွားမှာ ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးကို ရှေးရှုလျက် နိုင်ငံတော်က ၁၉၅၂ ခုနှစ်ကစပြီး နှစ်စဉ် ရုပ်ရှင်အကယ်ဒမီ ရွှေစင်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် (၅၇)နှစ်ကာလတိုင်ခဲ့ပြီ ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

ဤကာလများအတွင်း ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှု နည်းပညာများ အမျိုးမျိုးပြောင်းလဲလာခဲ့သကဲ့သို့ စက်ပစ္စည်းကိရိယာ အသစ်အသစ်များနဲ့ အသုံးပြုရိုက်ကူး ထုတ်လုပ်လာနိုင်ခဲ့ခြင်းကြောင့် ရုပ်ရှင်အဆင့်အတန်းသည် အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့သည်ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာရုပ်ရှင်အဆင့်နှင့်အညီ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားလာရေးအတွက်လည်း လိုအပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဘက်ဘက်က ပြည့်စုံအောင် ပံ့ပိုးကူညီ ထူထောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခု ၂၀၀၈ ခုနှစ်အတွင်း ထုတ်လုပ်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အားလုံးနီးပါးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းက အသစ်ဝယ်ယူတပ်ဆင်ပေးထားသော စတူဒီယို အသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက် စသည့်စက်များကို အသုံးပြုပြီး အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ဆက်လက်၍လည်း အခြားလိုအပ်နေသေးသည့် ရုပ်ရှင်လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကိုလည်း ဝယ်ယူတပ်ဆင်ပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းတွင် ယခင်ထုတ်လုပ်နေသည်ထက် အရုပ်၊ အရောင်၊ အသံအရည်အသွေးများ ပိုမိုကောင်းမွန်သည့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်နိုင်တော့မှာဖြစ်ကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့်လည်း မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးသည် မြန်မာ့ရုပ်ရှင်လောက၏ အသက်ဖြစ်သည်ဆိုသည်ကို ခံယူသဘောပေါက်ပြီး အဘက်ဘက်က အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

စည်းစည်းလုံးလုံး

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အားပေးချီးမြှင့်နေသကဲ့သို့ ရုပ်ရှင်လောကသားများ မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်ကိုလည်း ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁၂ရက်နေ့တွင် တတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အဖွဲ့သစ်အနေဖြင့်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်နှင့် ယင်းရည်ရွယ်ချက်(၅)ရပ် အောင်မြင်ရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်သင့်သည့် အချက်(၅)ချက်တို့ကို လူသစ်စိတ်သစ်၊ အင်အားသစ်များဖြင့် အဘက်ဘက်က ဦးဆောင်ကြိုးပမ်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားလိုကြောင်း၊ အလားတူ ရုပ်ရှင်လောကသားများဖြစ်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် လုပ်ငန်းရှင်များအားလုံးကလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် ရုပ်ရှင်လောကသားများ အနေဖြင့် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကောင်းကို တွေ့ရှိရကြောင်း၊ ရုပ်ရှင်လောကသားများ၏ ကြိုးပမ်းစွမ်းဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်လျှင်-

- ရုပ်ရှင်လောကသားများသည် စစ်ကြိုခေတ်ကာလအတွင်းတွင် နည်းပညာ အခက်အခဲ၊ ပစ္စည်းပစ္စယ အခက်အခဲများကြားက ရုပ်ရှင်လုပ်ငန်းကို စတင်ခဲ့ကြပြီး ခေတ်အဆက်ဆက် ရန်ကုန်တည်ဆောက်ရင်း အသံတိတ်ခေတ်မှသည် ယနေ့ခေတ် ရုပ်ရှင်အဆင့်အတန်းအခြေအနေအထိ မရောက်ရောက်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။
- ထို့အပြင် ရုပ်ရှင်လောကသားများအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလ တစ်လျှောက်လုံးတွင်လည်း နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ အမျိုးမျိုးသော ဖိနှိပ်မှုများကြားကနေပြီး မြန်မာပြည်သူများ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာအောင်၊ လွတ်လပ်ရေးစိတ်ဓာတ် ပေါက်ဖွားရှင်သန်လာအောင် ရုပ်ရှင်အနုပညာစွမ်းအားဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုကြရမှာဖြစ်ကြောင်း။
- အလားတူ နယ်ချဲ့နှင့်ဖက်ဆစ်ကိုတော်လှန်သည့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် ရုပ်ရှင်အနုပညာဖြင့် နယ်ချဲ့ဖက်ဆစ်ကို ဆန့်ကျင်ခဲ့ကြရုံမျှမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲ တိုက်ခိုက်ခဲ့ကြသည့် သမိုင်းစာမျက်နှာမှာလည်း ရှိခဲ့ကြောင်း။
- ထို့အပြင် လွတ်လပ်ရေးကိုကာကွယ်ထိန်းသိမ်းခဲ့ရသည့် ကာလများနှင့် ယနေ့နိုင်ငံတော်သစ် တည်ဆောက်ရေး ကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် မိမိတို့ကျရာအခန်းကဏ္ဍကနေ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေးတာဝန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေး တာဝန်များကို တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသည်ကိုလည်း အားလုံး အသိပင်ဖြစ်ကြောင်း။
- ထို့ကြောင့် မြန်မာ့ရုပ်ရှင်သမိုင်းသည် အစဉ်အဆက် ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရုံမျှမက နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကိုပါ ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင် ထမ်းဆောင်ခဲ့ကြသည် ဆိုသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ကြရမှာဖြစ်ကြောင်း၊ ဆက်လက်၍လည်း **ယနေ့ ကြိုးပမ်းအကောင်အထည်ဖော်နေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင်လည်း ရုပ်ရှင်လောကသားများအနေဖြင့် ကျရာအမျိုးသားရေးတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရင်း အစဉ်အလာထွန်းပြောင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို ထိန်းသိမ်းသွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားလိုကြောင်း။**

စာမျက်နှာ ၅ ကော်လံ ၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသော ညီညီထွန်းလွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိသော ခန့်စည်သူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရရှိသော မို့မို့မြင့်အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ထွန်းပြောင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းအစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်ဆိုလျှင် ခေတ်ကာလအခြေအနေနှင့် ညီညွတ်သည့် ရည်ရွယ်ချက် တိတိကျကျ ရှိရန်လိုအပ်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ ဆောင်ရွက်ကြရမည့် ရည်ရွယ်ချက် (၅)ရပ်ကို မိမိအနေဖြင့် မကြာခဏ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ယခုလည်း အခါအခွင့်သင့်တုန်း ရုပ်ရှင်လောကသားများ ထပ်မံသိရှိ ကြိုးပမ်းနိုင်အောင် ပြန်လည်ပြောကြားလိုကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များမှာ -

(၁) ရုပ်ရှင်လောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ရန်။
(၂) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်မှု စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်။
(၃) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၏ အဆင့်အတန်း၊ အရည်အသွေး မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်။
(၄) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရန်။
(၅) နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ထမ်းဆောင်ကြရန်ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။

ဆက်လက်၍ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် ရုပ်ရှင်လောကသားများက အဓိကထားဆောင်ရွက်သင့်သည့် အချက် (၅)ချက်ကိုလည်း ရုပ်ရှင်လောကသားများ ထပ်မံသိရှိကြိုးပမ်းနိုင်ရန်နှင့် အလေးထားပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ပြောကြားလိုကြောင်း၊ ယင်းအချက်များမှာ -

(၁) နိုင်ငံတော်က မူဘောင်နှင့်အညီ ပံ့ပိုးကူညီပေးမှုဖြင့် ခေတ်မီ Studio များကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ရန်။
(၂) ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ခြင်း၊ ကူးဆေးခြင်း၊ ပြသခြင်းလုပ်ငန်းများကို ပြည်ပနိုင်ငံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရရှိသော ခင်မို့မို့အေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသော သန်းညွန့်(ပန်းသာ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၃) ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသမှုကို Analogue မှ Digital သို့ ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်။
(၄) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို အသံစနစ်၊ ပြသမှုစနစ်များ ခေတ်မီအောင် ပြုပြင်တည်ဆောက်သွားကြရန်။
(၅) တစ်ပြိုင်နက်တည်း နိုင်ငံတကာအဆင့်မီ Cinema Complex များ၊ Digital Cinema ရုပ်ရှင်ရုံများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြရန်

ဆိုသည့် အချက်များပင်ဖြစ်ကြောင်း၊ ဤအချက်များကိုကြည့်လျှင် မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ အကျိုးအတွက် ဦးတည်တိုက်တွန်း နှိုးဆော်ချက်များဖြစ်သည်မှာ ထင်ရှားနေသည့်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနှင့်ရော ရုပ်ရှင်လောကသားများအားလုံးကပါ ၂၀၁၀ပြည့်နှစ်တွင် ဤအချက်များကို အဓိက လိုအပ်ချက်များအဖြစ်ခံယူပြီး ယခုလက်ရှိ ဆောင်ရွက်နေကြသည်များထက် ပိုမိုအရှိန်အဟုန်မြှင့်တင်ပြီး နည်းလမ်းပေါင်းစုံဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ၂၀၀၅ခုနှစ်ကတည်းက ချမှတ်မှာကြားခဲ့ပြီးဖြစ်သည့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၁၂)ရပ်ကိုလည်း ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ပြီး ရုပ်ရှင်လောကသားအားလုံး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နည်းလမ်းကောင်း

အဆိုပါလုပ်ငန်းများအောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြသည့်နေရာတွင် အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ကြရမှာဖြစ်ကြောင်း၊ သို့ရာတွင် တစ်ခါတစ်ရံ၌ ဝိရောဓိသည် တိုးတက်ရန်၊ နည်းလမ်းမှန်ကို ရောက်ရန်နှင့် အောင်မြင်မှုရရှိရန်တို့အတွက် ဆွေးနွေးကြရ၊ ငြင်းခုံကြရခြင်းလည်း ဖြစ်တတ်ကြောင်း၊ ထို့ကြောင့် အလုပ်ကိုလုပ်ရင်း အပြန်အလှန် တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး တိုးတက်အောင်မြင်အောင်လုပ်ကြရန် လိုအပ်ကြောင်း၊ ဤကဲ့သို့ တိုင်ပင်ညှိနှိုင်းနည်းလမ်းရှာရာတွင်လည်း နည်းလမ်းအမျိုးမျိုး ရှိနိုင်သည့်အတွက် အဆိုပါ နည်းလမ်းများအနက် အကျိုးကများပြီး အပြစ်နည်းသည့် နည်းလမ်းကောင်းကို ရွေးချယ်နိုင်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ကြောင့် ကြုံတွေ့လာသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာ၌ -

(၁) ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်ရွယ်ချက်၊
(၂) အတ္တပရ မျှတစွာ ဆောင်ရွက်မှု၊
(၃) ခွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်မှု၊
(၄) စည်းလုံးညီညွတ်မှု၊
(၅) ပူးပေါင်းဆောင်ရွက်မှုနှင့်
(၆) စိတ်ရှည်၊ သည်းခံ၊ နားလည်၊ ခွင့်လွှတ်မှုဆိုသည့် အချက်များကို အခြေခံပြီး ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာ မရှိဟု ယုံကြည်မိပါကြောင်း၊ အောင်မြင်နိုင်ရေးအတွက် ဝန်ကြီးဌာန အနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း တစ်ပါတည်း ပြောကြားလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိသော မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ပဈေးကွက်ထိုးဖောက်

ယနေ့ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းကိုကြည့်လျှင် ဇာတ်လမ်း ဇာတ်ကွက်အပိုင်း၊ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ Studio အပါအဝင် ရိုက်ကူးရေးအထောက်အကူပြုအပိုင်း၊ ပြသမှုနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှုအပိုင်း၊ ပြည်ပဈေးကွက် ထိုးဖောက်ပြသနိုင်မှုအပိုင်း၊ စက်မှုနည်းပညာအပိုင်းနဲ့ ထုတ်လုပ်သူအပိုင်းစသည့် လုပ်ငန်းအားလုံးတွင် အားနည်းချက်၊ လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရကြောင်း၊ ဤအားနည်းလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ပြသနိုင်အောင် ကြိုးစားဆောင်ရွက်နေကြသည်ကိုလည်း အားတက်ဖွယ် တွေ့ရှိရကြောင်း။

ထုတ်လုပ်သူတစ်ဦးက မြန်မာ့ရုပ်ရှင်ကားတစ်ကားကို ပြည်ပ၌ရိုက်ကူးပြီး ယနေ့ပြည်တွင်းတွင် စတင်ပြသလျက်ရှိကြောင်း၊ မကြာခင် ပြည်ပ၌ ပြသနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ အလားတူ ထုတ်လုပ်သူ တစ်ဦးကလည်း ပြည်တွင်းမှာ Digital စနစ်ဖြင့် ရုပ်ရှင်ကားတစ်ကားကို ရိုက်ကူးလျက်ရှိပြီး မကြာမီ ပြည်တွင်း၊ ပြည်ပ ပြသနိုင်တော့မည်ဟု သိရကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေသူများအား အားပေးကူညီနေသကဲ့သို့ နောင်အလားတူ ဆောင်ရွက်သူများကိုလည်း ဆက်လက် အားပေးကူညီသွားမှာဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယခုကဲ့သို့ ရုပ်ရှင်ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားလာသကဲ့သို့ ပြသမှုအပိုင်းက အဆင့်အတန်းမြင့်မားလာရန်လည်း လိုအပ်ကြောင်း၊ သို့မှသာ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ပြသရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရုပ်ရှင်ရုံများ ခေတ်မီအဆင့်အတန်း မြင့်မားအောင်ပြုပြင်ဆောင်ရွက်ရမည့် အချက် (၈)ချက်နှင့် မူဝါဒ (၅)ရပ်ကို ချမှတ်အကြံပြုခဲ့ပြီး ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတကာအဆင့်မီ ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများ တည်ဆောက်ရေးကိုလည်း အားပေးခဲ့ကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ နေပြည်တော်၌ ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံ နှစ်ရုံပေါ်ပေါက်လာခဲ့ပြီး မကြာမီ နောက်တစ်ရုံ ထပ်မံတည်ဆောက်ပြီးစီးတော့မှာ ဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန်မြို့တွင်လည်း နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံများ ထပ်မံတည်ဆောက် ပြီးစီးတော့မှာဖြစ်ကြောင်း၊ မန္တလေး၊ မုံရွာ၊ လားရှိုး၊ တောင်ကြီး အပါအဝင် ပြည်နယ်၊ တိုင်းမြို့ကြီးအချို့တွင်လည်း ရုပ်ရှင်ရုံအဟောင်းများကို ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများဖြစ်အောင် ပြင်ဆင်မွမ်းမံ တည်ဆောက်ပြသနေကြပြီဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှုနှင့် ပြသမှုစနစ်သည် Digital စနစ်ကို ကူးပြောင်းလာပြီ ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ရုပ်ရှင်ထုတ်လုပ်မှု၊ ပြသမှုလုပ်ငန်းများကို Digital စနစ်ဖြင့် ထုတ်လုပ်ပြသနိုင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ယနေ့အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အရာရာကို မိမိတို့၏ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီးမှသာ ဆုံးဖြတ်ဆောင်ရွက်နေကြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီကို ကျင့်သုံးကြရာတွင်လည်း ပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများအနေဖြင့် အတွေးအခေါ်အယူအဆ နိုင်ငံရေးဝါဒများ ကွဲပြားကြမှာဖြစ်သော်လည်း အားလုံးက အမျိုးသားအကျိုးစီးပွားပေါ် အခြေခံဆောင်ရွက်ကြရမှာသာဖြစ်ကြောင်း၊ သို့မှသာ ဒီမိုကရေစီစနစ်အတွင်းကနေ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများ အပါအဝင် **Media** လောကသားအားလုံးကလည်း အမျိုးသား အကျိုးစီးပွားဘက်တော်သား **Media** သမားကောင်းများဖြစ်အောင် ကျင့်သုံးရပ်တည် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်း ပြောကြားလိုကြောင်း။

အောင်မြင်စွာကျင်းပ

ယနေ့အခါတွင် ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤမူဝါဒလမ်းစဉ် (၇)ရပ်သည် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ပကတိအရှိတရားနှင့် ကိုက်ညီသည့် အကောင်းဆုံးလမ်းကြောင်းပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ၊ တည်ငြိမ်စွာ အသွင်ကူးပြောင်း နိုင်ရေးအတွက် အန္တရာယ်အကင်းဆုံးနှင့် အသင့်မြတ်ဆုံး လမ်းကြောင်းလည်းဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၅)ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယခု ၂၀၁၀ ပြည့်နှစ်အတွင်းတွင် အောင်မြင်စွာ ကျင်းပပေးသွားမှာဖြစ်ကြောင်း။

သတိတရားနဲ့ ပေါင်းစပ်

လာမည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရုပ်ရှင်လောကသားများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရန်အတွက် ဦးဆောင်စီမံခန့်ခွဲသွားနိုင်မည့် လွှတ်တော်များနှင့် အစိုးရတစ်ရပ်ကို ရွေးချယ်ပေးကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ ရွေးချယ်ကြသည့်နေရာတွင် အတိတ်ကဖြစ်ခဲ့သည့် သင်ခန်းစာယူဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ၊ ပစ္စုပ္ပန်ကာလတွင် မျက်ဝါးထင်ထင် တွေ့မြင်နေရသည့် တည်ငြိမ်အေးချမ်းမှု၊ တိုးတက်ဖွံ့ဖြိုးမှု ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံပြီး အနာဂတ်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုများအတွက် ယုံကြည်စိတ်ချနိုင်မည့်၊ ဖော်ဆောင်ပေးနိုင်မည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အသိတရားနှင့်ယှဉ်၊ သတိတရားနှင့် ပေါင်းစပ်ပြီး ရွေးချယ်ပေးကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသော ရဲအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မကြာမီ အချိန်အတွင်းတွင် ၂၀၀၈ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ဆုချင်းကြေညာပြီး ချီးမြှင့်တော့မှာ ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင်လည်း ယခင်နှစ်များနည်းတူ ရုပ်ရှင်ဥပဒေပါ အခြေခံမူ (၇)ရပ်ကို အခြေခံပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေး အကဲဖြတ်အဖွဲ့ အဆင့်ဆင့်က ထူးချွန်ဆုတစ်ခုချင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆန်းစစ် စိစစ်ရွေးချယ် အကဲဖြတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား (၁၂)ကားကို အပြန်ပြန်အထပ်ထပ် ကြည့်ရှုအကဲဖြတ်ကာ အရည်အသွေးကို အခြေခံပြီး အရည်အသွေးပြည့်မီသူ၊ ထိုက်တန်သူများကိုသာ သက်ဆိုင်ရာဆုအလိုက် စိစစ်ရွေးချယ်ထားခြင်းလည်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးချွန်ဆု ဆွတ်ခူးကြသည့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအနေဖြင့် ထပ်ဆင့်ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဆုမရရှိသေးသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုများ ဆက်လက်ဆွတ်ခူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများတွင် အတိတ်သမိုင်းတစ်လျှောက် တက်ကြွစည်းလုံးညီညွတ်စွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ် မျက်မှောက်ကာလတွင်လည်း တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်နေကြသည်ကို တွေ့ရကြောင်း၊ အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် Media သမားကောင်းများပီပီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- **ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးစီးဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်နှင့် ယင်းရည်ရွယ်ချက်(၅)ရပ် အောင်မြင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက်(၁၂)ချက်တို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **မြန်မာ့ရုပ်ရှင် ဇာတ်ကားများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်မည့်စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာအဆင့်မီဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာဖြင့် ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**

စာမျက်နှာ ၁၀ ကော်လံ ၁

7-2 (05).pmd 1 2/7/2010, 4:17 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

❐ *ကျော်ဖုံးမှ*

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

ဖွဲ့ကပင်မြေသို့ အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသည်။

ယခုအခေါက်ရည်ညွှန်းချက်မှာမူ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးဆောင်းပါးအဖြစ် ကရင်ပြည်နယ်၏ ဘက်စုံ၊ လွှမ်းခြုံဖွံ့ဖြိုးတိုးတက်မှုအဝဝကို မှတ်တမ်းတင်ရေးသားဖော်ပြရန်ဖြစ်၍ များစွာရွှင်လန်းတက်ကြွမိပေသည်။

ပြည်နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကလည်း ကြီးမားကျယ်ပြန့်လှသည်နှင့်အမျှ မှတ်တမ်းတင်၍မကုန်နိုင်အောင်ပင် ဖြစ်ရသည်။ သို့မို့ကြောင့် ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ထို့ကော်ကိုး၊ မြိုင်ကြီးငူ၊ ဘုရားကုန်းကျေးရွာအပါအဝင် မြို့လုံးပတ်လည်၊ ရွာလုံးအနှံ့နီးပါးကို အချိန်လု၍ လူးလာခေါက်တုံ့ သွားရောက်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးကြောင့် စိတ်သွားတိုင်းကိုယ်ပါရပါသည်။ သွားပါများ ခရီးရောက်ခဲ့ရပါ၏။ ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အထက် တံတားကြီး ရှစ်စင်းမျှသာရှိခဲ့ရာမှ ယခုမူ မကြာမီက ဖွင့်လှစ်ခဲ့သော ဒါလီတံတားအပါအဝင် တံတားကြီး ၁၆စင်းအထိ ရှိလာခဲ့သောကြောင့်တည်း။

ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း မကြာမီဖွင့်လှစ်တော့မည့် အရှည်ပေ ၃၃၀ရှိ ပတချောင်းကူးတံတား၊ အရှည်ပေ ၃၄၀ရှိ ဝင်းယော်မြစ်ကူးတံတားနှင့် အရှည်ပေ ၂၇၀ရှိ ဟောင်သရောမြစ်ကူးတံတားတို့ကလည်း ပြည်ထောင်စုသားတို့၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို သယ်ပိုးဆောင်ရွက်ရန် အသင့်ဖြစ်နေကြပေပြီ။

“အခုဆို ငြိမ်းချမ်းခြင်းရဲ့ အေးမြတဲ့အရသာနဲ့ အသီးအပွင့်တွေကို ဖထီးတို့ ခံစားနေရပြီ၊ ငြိမ်းချမ်းရေးဟာ ဘာနဲ့မှ လဲလို့မရပါဘူး”

ဖထီးပဒိုအောင်ဆန်း

ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာ။

မြေပဲတစ်ဧက ၁၅၆တင်း ထွက်ရှိခဲ့၍ ဂုဏ်ယူဝင့်ကြွားနေသော တောင်သူဦးအုန်းတင်က သူ၏ ဆင်းပဒေသာ(၇) မြေပဲများကို ဤသို့ ပြသခဲ့သည်။

ကြီးတို့သို့လည်း သွားရောက်လေ့လာခဲ့ကြပါ၏။ ဘားအံမြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို နိုင်ငံတော်က အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများ ကြီးကြပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့ကလည်း ကျန်းမာရေးဝန်ထမ်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

အလားတူ ပြည်နယ်အနှံ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် လစဉ်အထူးကုဆရာဝန်ကြီးများဦးဆောင်၍ ကျေးရွာအနှံ့ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ မျက်စိအထူးကုဆရာဝန်ကြီးများကလည်း ပြည်နယ်အတွင်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား ၆၀၀၀ကျော်ခန့်ကို မျက်စိစမ်းသပ်ကုသပေးကြပြီး မျက်စိဝေဒနာရှင် ၆၀၀ကျော်ခန့်ကို အခမဲ့ခွဲစိတ်ပေးကာ မျက်မှန်များ အခမဲ့လှူဒါန်းခဲ့ကြသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းအဖွဲ့ဝင်များကလည်း ထို့ကော်ကိုး၊ မြိုင်ကြီးငူဒေသများအပါအဝင် ပြည်နယ်အနှံ့ လွှမ်းခြုံကုသ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍအနေဖြင့်မူ ပြည်နယ်တစ်ဝန်း အင်တာနက်နှင့် အော်တိုတယ်လီဖုန်းများ၊ CDMA နှင့် GSM ဖုန်းများ၊ အများပြည်သူသုံး PCO ဖုန်းများဖြင့် မြို့နယ်၊ ကျေးရွာအနှံ့ ဆက်သွယ်ရေးကွန်ရက်များ လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်က တယ်လီဖုန်းရုံး ငါးခုသာရှိခဲ့ရာမှ ယခု ၂၄ ရုံး၊ စာတိုက်စခန်း ၂၇ခု သာရှိခဲ့ရာမှ ယခု ၃၄ခု၊ ကြေးနန်းရုံး ခုနစ်ရုံးသာရှိခဲ့ရာမှ ယခု ၁၅ ရုံး၊ မိုက္ကရိုဝေ့ဗ်စခန်း တစ်ခုသာရှိခဲ့ရာမှ ယခု ရှစ်ခုအထိ တိုးတက်လာခဲ့ချေပြီ။

ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက် ကရင်ပြည်နယ် ဘားအံမြို့မှ အစိုးရကွန်ပျူတာတက္ကသိုလ်(ဘားအံ)ကို နိုင်ငံတော်က မှန်ကန်သည့်စေတနာကောင်းဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ဒေသတွင်းတိုင်းရင်းသားလူငယ်မောင်မယ်များအနေဖြင့် ခေတ်မီနည်းပညာများ သင်ယူနိုင်ကြပြီး ပညာရေးအဆင့်အတန်း မြင့်မားလာမှုကြောင့် ဂုဏ်ယူဝင့်ထည်စွာ ဤသို့ တွေ့ရသည်မှာ အားရကျေနပ်ဖွယ်ပင်….။

ပြည်နယ်အတွင်းရှိ ညီညာဖြောင့်ဖြူးသော လမ်းမကြီးများကလည်း ပြည်ထောင်စုသားတို့၏ လိုရာခရီးကို အချိန်နှင့်တစ်ပြေးညီ သယ်ပိုးထမ်းရွက်လျက်ရှိသည်။

၁၉၈၈ ခုနှစ်က ကားလမ်းမိုင် ၅၅၄ မိုင် ရှိခဲ့ရာမှ ယနေ့အထိ မိုင် ၂၉၃၀အထိ ရှိလာခဲ့ပြီ ဖြစ်သည်။ ကရင်ပြည်နယ်သည် မိုးများပြီး မြစ်ချောင်းအင်းအိုင်နှင့် တောတောင်ထူထပ်မှုတို့ကြောင့် ရာသီမရွေး သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းပိုင်းများကို နှစ်စဉ်အဆင့်မြင့် မွမ်းမံဆောင်ရွက်လျက်ရှိပေသည်။ ပြည်နယ်၏ အဓိကလမ်းမကြီးဖြစ်သော ဘားအံ-ကော့ကရိတ်-မြဝတီလမ်းမကြီး ၁၁၀မိုင် ၂ဖာလုံအား ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် လမ်းတံတားများကို စီမံကိန်းအလိုက် အဆင့်မြှင့်ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပညာရေး

နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ပြည်ထောင်စုတစ်ဝန်း ဆုကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှ နည်းပါးစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို လမ်းညွှန်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းအတွင်း အကျုံးဝင်သော ကရင်ပြည်နယ် ဘားအံမြို့တွင် ယခုအခါ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့သည်လည်း အပြိုင်းအရိုင်း ပေါ်ထွန်းလာပြီး ပြည်ထောင်စုသား ရင်သွေးငယ်တို့အတွက် အဆင့်မြင့်ပညာများကို ကိုယ့်ရပ်ကိုယ့်ဒေသတွင် သင်ကြားနိုင်ရုံမက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း များစွာမွေးထုတ်ပေးလျက်ရှိသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဖွဲ့ကပင်မြေ၏ ဆောင်းနံနက်ခင်းတစ်နေ့ဝယ် အဆိုပါ တက္ကသိုလ်များအတွင်း ပြည်ထောင်စုသား ရင်သွေးငယ်များ၏ အဆင့်မြင့် ပညာရပ်များ သင်ကြားနေမှုကို သွားရောက်လေ့လာခဲ့ပါသည်။

အဆိုပါ တက္ကသိုလ်များသို့ ရောက်ရှိစဉ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ၊ မြဝတီစသည့် ပြည်နယ်အနှံ့မှ လာရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူတို့နှင့်လည်း စကားစမြည်ပြောဆိုခွင့်ရခဲ့ရာ ရင်သွေးငယ်တိုင်းနီးနီးက **“ယခင်ကလို မြို့ကြီးပြကြီး တစ်နယ်တစ်ကျေးတွင် သွားရောက်ပညာသင်ကြားရန် မလိုတော့ကြောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြေကိုယ့်ဒေသမှာပင် အဆင့်မြင့်ပညာရပ်များကို စရိတ်စက သက်သာစွာ လွယ်လင့်တကူ သင်ကြားခွင့်ရရှိ၍ များစွာပျော်ရွှင်မိကြောင်း၊ ရှေ့ရည်မှန်းချက်များအဖြစ် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံအတွက် ပြန်လည်အကျိုးပြုလိုကြကြောင်း”** ဖြင့် တစ်သွေးတည်း တစ်သံတည်း ဖွင့်ဟပြောကြားကြရာ များစွာကြည်နူးဝမ်းမြောက်မိပေသည်။

ထို့ပြင်တဝ ပြည်နယ်အတွင်းရှိ ပညာရေးကောလိပ်၊ နည်းပညာအထက်တန်းကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၁၂၆၉ကျောင်းတို့ကလည်း ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ထောင့်တစ်နေရာမှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပေသည်။

ကျန်းမာရေး

ထိုမှတစ်ဆင့် ကျွန်တော်တို့သတင်းအဖွဲ့သည် ပြည်ထောင်စုသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသော ဘားအံမြို့ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကော့ကရိတ်မြို့ရှိခုတင် (၁၀၀)ဆံ့ ဆေးရုံ

ပြန်ကြားရေး

ပြည်နယ်အတွင်းရှိ ပြည်ထောင်စုသားများအတွက် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာဗဟုသုတပေးရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက မြဝတီ၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ ပိုင်ကျုံ၊ ဖာပွန်၊ မြိုင်ကြီးငူ၊ ကြာအင်းဆိပ်ကြီးနှင့် လှိုင်းဘွဲမြို့နယ်များအပါအဝင် ပြည်နယ်အနှံ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ ကျေးရွာအနှံ့ စာကြည့်တိုက်များ၊ နေ့စဉ်ထုတ်သတင်းစာများဖြင့် Media Cover ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော် မြန်မာ့အသံနှင့်အတူ ရွှေ FM အစီအစဉ်များကိုလည်း ပြည်နယ်အတွင်း နားသောတဆင်နိုင်ကြပြီဖြစ်သည်။

သစ်တော

ကရင်ပြည်နယ်သည် မြစ်ချောင်းအင်းအိုင်၊ တောတောင်ထူထပ်ပြီး မိုးကောင်းသည့်ဒေသဖြစ်၍ အဖိုးတန်သစ်တောများ ကြွယ်ဝပေါက်ရောက်ရာ ဒေသတစ်ခုဖြစ်ပေသည်။

ယခင်က ဒေသငြိမ်းချမ်းမှု ကင်းဝေးခဲ့ရ၍ မြန်မာ့သယံဇာတ အဖိုးတန်သစ်တောများ ပြုန်းတီးခဲ့ကာ နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရပေသည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းများမှ သစ်တောများကို စနစ်တကျ ထုတ်လုပ်သကဲ့သို့ တစ်ဖက်မှလည်း ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများကို စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတစ်ရပ်ဖြစ်သော ပဝတ္တိမျိုးဆက်ခြင်းဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိက သစ်မျိုးစုံစိုက်ခင်းများ၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများကို တည်ထောင်ပေးလျက်ရှိသည်။

ထို့ပြင် မိုးရာသီ၌ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်များဖြန့်ဝေခြင်း၊ တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀စီ စိုက်ပျိုးကြစေခြင်းများကို စည်းရုံးဆောင်ရွက်လျက်ရှိပေသည်။

ယခု ၂၀၁၀ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ ကျွန်း ၂၂၆၄၆၈ ပင်၊ ယူကလစ်ပင် ၁၈၉၀၆၀၊ သစ်မျိုးစုံ ၈၄၄၇၂ ပင် စုစုပေါင်း ပျိုးပင် ၅၀၀၀၀၀နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ကျွန်းပင် ၂၀၀၀၀၀နှင့် အခြားသစ်မျိုးစုံအပင် ၃၀၀၀၀၀ စုစုပေါင်း အပင် ၅၀၀၀၀၀တို့ကို ကျေးရွာအလိုက် ပျိုးဥယျာဉ်များတည်ထောင်၍ ပျိုးထောင်လျက်ရှိရာ ပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် ပျိုးပင်ပေါင်း ၁၀၀၀၀၀၀ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရ၍ ပြည်နယ်အဝန်း သစ်တောစွမ်းဖြင့် ပိုမိုစိမ်းလန်းဝေဆာလာတော့မည် ဖြစ်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုသည် အဓိကအရေးပါသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရန် နိုင်ငံတော်က မွန်မြတ်သောစေတနာမှန်ဖြင့် ကရင်ပြည်နယ်၌ ဂျိုင်းမြစ်ကို ဖြတ်ကျော်၍ ဂျိုင်း(ကော့ကရိတ်)တံတားကို ဤသို့တည်ဆောက်ပေးခဲ့သည်။

7-2 (06).pmd 1 2/7/2010, 4:17 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁။	စိုက်ပျိုးမြေ	ဧက	၄၇၀၈၃၉	၉၈၈၀၁၀	၅၁၇၁၇၁
၂။	ဆည်တမံ	ခု	-	၁	၁
၃။	မြစ်ရေတင်လုပ်ငန်း	ခု	-	၇	၇
၄။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၆၃၃.၃၂	၁၇၅၂.၃၂	၁၁၉
၅။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၇၃၃.၄၇	၁၇၃၃.၄၇
၆။	ကားလမ်း	မိုင်	၅၅၄	၂၉၃၀	၂၃၇၆
၇။	ပေ၁၈၀အထက်တံတား	စင်း	၈	၁၆	၈
၈။	စာတိုက်စခန်း	ခု	၂၇	၃၄	၇
၉။	ကြေးနန်းရုံး	ရုံး	၇	၁၅	၈
၁၀။	တယ်လီဖုန်းရုံး	ရုံး	၅	၂၄	၁၉
၁၁။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၁	၈	၇
၁၂။	နိုင်ငံပိုင်စက်ရုံ	ရုံ	၆	၇	၁
၁၃။	ပုဂ္ဂလိကစက်ရုံ	ရုံ	၄၀၉	၅၈၆	၁၇၇
၁၄။	အခြေခံပညာကျောင်း	ကျောင်း	၁၁၄၉	၁၂၆၉	၁၂၀
၁၅။	တက္ကသိုလ်၊ကောလိပ်	ခု	၁	၂	၁
၁၆။	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၇။	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈။	ဆေးရုံ	ရုံ	၁၇	၂၆	၉

ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ခေတ်မီဆန်းသစ်သော ဆေးရုံသုံးပစ္စည်းများ သုံးစွဲနိုင်မှုကလည်း ကုသမှုခံယူသူများအတွက် အကျိုးများစွာရရှိသဖြင့် ဘားအံမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို ဤသို့ တပ်ဆင်ပေးထားသည်မှာ နိုင်ငံတော်မှ ဒေသနေပြည်သူများအတွက် မွန်မြတ်သောစေတနာတရားကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-သာဉာဏ်(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆည်မြောင်းတာတမံ

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများကို မြောက်မြားစွာ စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ကရင်ပြည်နယ်တွင်လည်း လယ်မြေဧကပေါင်း ၅၄၅၂ဧကကို အကျိုးပြုမည့် ရေဘုတ်ရေလှောင်တမံ အပါအဝင် ဆည်တမံ နှစ်ခု၊ မြစ်ရေတင်လုပ်ငန်း ခြောက်ခု၊ ရေနုတ်မြောင်းများနှင့် ရွှေဂွန်း၊ ကမ်းနီ၊ တကူဆိပ်အပါအဝင် နုန်းသွင်းမြောင်းများကို တူးဖော်တည်ဆောက်ပေးခဲ့၍ ယခုအခါ ကရင်ပြည်နယ်၏ သီးနှံစိုက်ဧရိယာမှာ မည်သည့်ခေတ်နှင့်မျှမတူအောင် တိုးတက်မြင့်မားလျက်ရှိပေသည်။

စိုက်ပျိုးရေး

မြန်မာနိုင်ငံ၏ ဟေမန္တဆောင်းလရာသီသည် မြေပေါ်မြေအောက် ကောက်ပဲသီးနှံများ လှိုင်လှိုင်ပေါ်ထွက်ချိန်ဖြစ်ရာ ကျွန်တော်တို့သတင်းအဖွဲ့သည် ပြည်နယ်အတွင်း မြေပဲအဓိက စိုက်ပျိုးရာ ရွှေဂွန်း၊ ကော့လိုက်၊ ထုံးအိုင်နှင့် ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံများ အများအပြားစိုက်ပျိုးရာ မိန်းမလှကျွန်းကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်း၍ လေ့လာခဲ့ကြပါသည်။

မြေပဲတစ်ဧက တင်းရာချီထွက်

သံလွင်မြစ်မင်း၏ လက်ဆောင်မွန် နုန်းတင်မြေနုတို့၏ မြေဆီသြဇာ ကောင်းမွန်မှု၊ သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်မှု၊ မျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်မှု၊ ရေနုတ်မြောင်းများ၊ နုန်းသွင်းမြောင်းများ ဖောက်လုပ်ပေးနိုင်မှုစသည့် ပံ့ပိုးမှုများကြောင့် မြေပဲတစ်ဧကလျှင် တင်းရာကျော်ထွက်ရှိသည်အထိ တိုးတက်အောင်မြင်လျက်ရှိသည်။

ရွှေဂွန်းဒေသရှိ တောင်သူဦးအုန်းတင်၏ မြေပဲစိုက်ခင်းဆိုပါမူ တစ်ဧကလျှင် ၁၅၆ တင်းအထိ ထွက်ရှိခဲ့၍ ရွှေဂွန်းဒေသတွင် စံချိန်တင်နိုင်ခဲ့ပေသည်။ ဦးအုန်းတင်သည် အထွက်နှုန်းနှင့် ဆီထွက်နှုန်းကောင်းမွန်ရုံမက ရာသီဥတုဒဏ်ခံနိုင်ပြီး ရေမြေသဘာဝအရ ပိုမိုကိုက်ညီသော ဆင်းပဒေသာ(၇)မျိုးကို စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

သို့မို့ကြောင့် လှိုင်းဘွဲမြို့နယ်အတွင်း မြေပဲအဓိကစိုက်ပျိုးရာ ရွှေဂွန်း၊ သာယာကုန်း၊ ကပ္ပလီနှင့် ဝက်ခုတ်တောကျေးရွာများအပါအဝင် မြေပဲစိုက်ဧကများ၌ ဆင်းပဒေသာ(၇)မျိုးများ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်မှ ဆည်မြောင်းတာတမံများကို ပြည်နယ်၊ တိုင်း ဒေသအနှံ့ တည်ဆောက်အကောင်အထည်ဖော်ပေးမှုကြောင့် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူဦးကြီးများအတွက် လယ်ယာသီးနှံများ ဖူလုံပိုလျှံစွာ ထုတ်လုပ်နိုင်သဖြင့် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသမှ တိုင်းရင်းသားတောင်သူလယ်သမားဦးကြီးတို့၏ လယ်ယာစီးပွားကဏ္ဍ တိုးတက်မြင့်မားစေရန် စိန်ပန်းမြိုင်ရေလှောင်တမံကို ဤသို့ခမ်းနားဝင့်ထည်စွာ တည်ဆောက်ပေးခဲ့သည်မှာ....။

ဓာတ်ပုံမှတ်တမ်း-သာဉာဏ်(သတင်းစဉ်)

ယခုအခါ မြေပဲတစ်ဧကလျှင် အကျိုးအမြတ်ငွေ ကျပ်သုံးသိန်းခန့်ရရှိ၍ ဒေသခံတောင်သူများသည် မြေပဲကို ဆောင်းဦးတွင် စောစောစိုက်ပျိုး၍ စောစောနုတ်သိမ်းပြီး အစိုဓာတ်ဖြင့် မြေပဲတစ်သီး ထပ်မံစိုက်ပျိုးကြရာ စပါးတစ်သီး၊ မြေပဲနှစ်သီးအထိ တိုးတက်စိုက်ပျိုးနိုင်ကြပြီဖြစ်၍ လူမှုစီးပွားဘဝမှာလည်း မည်သည့်ခေတ်နှင့်မျှမတူအောင် တိုးတက်မြင့်မားလာလျက်ရှိပေသည်။ ပြည်နယ်အတွင်း ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရာသီ၌ မိုးနှင့်ဆောင်း မြေပဲစုစုပေါင်း ၃၀၇၇၈ ဧက လျာထားစိုက်ပျိုးလျက်ရှိပေသည်။

ထို့အတူ ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရာသီအတွင်း မိုးစပါး ၅၂၉၄၈၂ ဧက လျာထားသည့်အနက် ၅၃၁၅၃၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၁၃၈၆၆၈ဧကကို လျာထားစိုက်ပျိုးလျက်ရှိပေသည်။ ပဲမျိုးစုံကိုလည်း ယခုနှစ်တွင် ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ငွေချည်(၆)ဝါကိုလည်း ပြည်နယ်အတွင်း စမ်းသပ်စိုက်ပျိုးလျက်ရှိပေသည်။

ရော်ဘာတိုးတက်စိုက်ပျိုး

မြေလွတ်မြေရိုင်း ပေါကြွယ်ဝသည့် ကရင်ပြည်နယ်အတွင်း ရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်က ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ၈၁၂၂ ဧကသာရှိခဲ့ရာမှ ယခုဆိုပါလျှင် ရော်ဘာစိုက်ဧက ၁၄၅၆၉၆ဧကအထိ တိုးတက်စိုက်ပျိုးလာနိုင်ပြီ ဖြစ်ပေသည်။

ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးရေး အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန်နှင့် ခြံရှင်များ စည်းလုံးညီညွတ်စွာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း အကြံပြုနိုင်ရန် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်အဖွဲ့ကိုလည်း ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပေသည်။

မွေးမြူရေး

မွေးမြူရေးအနေဖြင့်ကား တစ်ပိုင်တစ်နိုင်မွေးမြူရုံသာမက စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက်လည်း ဘားအံမြို့တွင် မွေးမြူရေးဇုန်တည်ထောင်ဆောင်ရွက်ပေးခဲ့ရာ ကျွန်တော်တို့သတင်းအဖွဲ့သည် ဦးဝင်းထိန်၏ မွေးမြူရေးခြံအတွင်း ဥစားကြက်ကောင်ရေ ၇၀၀၀ စီးပွားဖြစ် မွေးမြူထားရှိမှုကို လေ့လာခွင့်ရခဲ့ပေသည်။ စတင်မွေးမြူစဉ်က ကောင်ရေ ၅၀၀မျှသာဖြစ်ရာ တစ်ဖက်နိုင်ငံတွင် သွားရောက်အလုပ်ရှာဖွေလုပ်ကိုင်ရန်မလို၊ ရေခံမြေခံကောင်းမွန်သော ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသတွင်သာ 'တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်' ကို သက်သေပြလျက်ရှိပေသည်။

မြို့ရွာများဖွံ့ဖြိုးစည်ကား

ကျွန်တော်တို့သတင်းအဖွဲ့သည် သာစွဌာနေဇွဲကပင်မြေသို့ရောက်ရှိခိုက် မြို့အင်္ဂါရပ်နှင့်အညီ တိုက်တာအဆောက်အအုံများဖြင့် ဖွံ့ဖြိုးစည်ပင်နေမှုကိုလည်း တွေ့မြင်ခဲ့ရပြန်ပါသည်။

ထို့ကော်ကိုး

ထို့အတူ ထို့ကော်ကိုးဒေသသို့ရောက်ရှိခိုက်တွင် ညီညာပြန့်ပြူးသော လမ်းမကြီးများ၊ လူနေအိမ်အဆောက်အအုံများဖြင့် မြို့ကြီးမျှအလား တွေ့မြင်ခဲ့ရပြီး ဒေသအတွင်း ရေပေးဝေရေးလုပ်ငန်း၊ လျှပ်စစ်မီးပေးရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့ကို နိုင်ငံတော်က ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အိမ်တွင်းမှုသင်တန်းကျောင်းကိုလည်း ထို့ကော်ကိုးဒေသဝန်းကျင်ရှိ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးနှင့် လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်အထောက်အကူပြုလာစေရေးတို့ကို ရည်ရွယ်၍ အပြီးသတ် တည်ဆောက်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရပေသည်။

မြိုင်ကြီးငူ

မြိုင်ကြီးငူဒေသသို့ ရောက်ရှိစဉ်အတွင်း ကြည်ညိုဖွယ်ရာ ဘုရားပုထိုးစေတီများကို ဖူးမြင်ခဲ့ရရုံမက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၊ ရေပေးဝေရေးလုပ်ငန်း၊ စိန်ပန်းမြိုင် ရေလှောင်တမံနှင့် ပညာ့အလင်းရောင်စာကြည့်တိုက်၊ (၁၆)ခုတင်ဆံ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်လေ့လာခွင့်ရခဲ့ရာ မြို့ကြီးတမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။

ဘုရားကုန်း

အလားတူ ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာသို့ရောက်ရှိခဲ့ရာဝယ် ဖထီးပဒိုအောင်ဆန်းက ပျားရည်ဆမ်း၊ နို့ရည်ဆမ်းစားဖွယ်ဖြင့် ညှော့ဝတ်ပြုရင်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုအဝဝအကြောင်း ရှင်းလင်းပြောကြားချက်ကို ကြားသိခဲ့ရရုံမက ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် လေ့လာခဲ့ကြပါသည်။

အမျိုးသားပြန်လည်ပေါင်းစည်းရေး

ကရင်ပြည်နယ်သည် အဘယ်ကြောင့် ဤသို့ အရှိန်အဟုန်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်၍ လာပါသနည်း။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားပြန်လည်ပေါင်းစည်းရေးကို ရည်ရွယ်၍ ၁၉၉၂ခုနှစ်တွင် ကရင်ပြည်နယ်အတွင်းရှိ ထိုးစစ်များကို တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုနှင့် ပြည်ထောင်စုသားတို့အပေါ်ထားရှိသည့် နက်ရှိုင်းသော မေတ္တာ၊ စေတနာတို့ကြောင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ရောင်နီဦးများ ထွန်းလင်းယှက်ဖြာလာခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုနှင့်အတူ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် ဝေဆာလာခဲ့ခြင်းဖြစ်ပေသည်။

ထို့ကော်ကိုးဒေသမှ အဘိုးဗွေးမောင်က **"လွန်ခဲ့သောနှစ်ပေါင်း ၂၀ကျော်ကာလထက်စာလျှင် ကရင်ပြည်နယ်အတွင်း များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ လူထုအနေဖြင့် ဘာမျှကြောက်ရွံ့စရာ မရှိတော့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ မလုပ်သင့်တော့ကြောင်း၊ လက်ကျန် လက်နက်ကိုင်အဖွဲ့များလည်း နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ချင်လျှင် မိမိကိုယ်တိုင် ဦးဆောင်လိုက်ပို့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မိမိတို့၏ ငြိမ်းချမ်းရေးမှာ နက်ရှိုင်းမှုကြီးမားလျက်ရှိကြောင်း"** ဖြင့် ကျွန်တော်တို့သတင်းအဖွဲ့အား ရှင်းလင်းပြောကြားခဲ့ပေသည်။

ထို့အတူ မြိုင်ကြီးငူဒေသမှ အဘိုးသာထူးကျော်ကလည်း **"ငြိမ်းချမ်းရေး၏ အရသာကို ကရင်ပြည်သူလူထု အပြည့်အဝ မခံစားနိုင်သေးသော်လည်း အတော်များများ ခံစားနိုင်ကြပြီဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်သည် ကောင်းအောင်မလုပ်ဘဲ ဖျက်ဆီးတာသာဖြစ်ကြောင်း၊ အပြည့်အဝငြိမ်းချမ်းလာလျှင် ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ မြိုင်ကြီးငူဒေသသည် ယခင်ဘာမျှမရှိကြောင်း၊ ချုံပုတ်သာရှိကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခဲ့၍ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း"** ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အလားတူ ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာမှ ဖထီးပဒိုအောင်ဆန်းကလည်း **"ဖထီးအနေနဲ့ ၁၉၆၇ခုနှစ်မှာ အလင်းကိုပစ်၍ အမှောင်ထဲကို ရောက်ခဲ့တယ်။ ၁၉၉၈ ခုနှစ်မှာတော့ အမှောင်ကိုခွင်း၍ အလင်းကိုပြန်ရောက်ခဲ့ပါတယ်။ ဖထီးတို့အဖွဲ့ကို ဘားအံမြို့မှာ ပြည်သူလူထုကြီးက သိန်းနဲ့ချီပြီး ကြိုဆိုခဲ့ကြတာကို ဖထီးဘယ်တော့မှ မမေ့နိုင်တော့ပါဘူး။ နိုင်ငံတော်က ၁၉၉၂ ခုနှစ်မှာ**

စာမျက်နှာ ၁၀ ကော်လံ ၁

7-2 (07).pmd 1 2/7/2010, 4:17 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြ

ခိုင်မြဲသော တွဲလက်များနှင့် သွေးချင်းတို့၏ အမိနိုင်ငံတော်သစ်

ကျော်မင်းခေါင်



တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို သမိုင်းရေးလိုအပ်ချက်၊ အမျိုးသားရေးလိုအပ်ချက်များအရ မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်းလိုက်ရပြီးနောက်ပိုင်းတွင် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တစ်ဝန်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့။ တိုင်းရင်းသား သွေးချင်းတို့နေထိုင်ရာ ပြည်ထောင်စုတစ်ဝန်းမှ တောင်ပေါ်မြေပြန့် ဒေသအနှံ့တွင် လမ်း၊ တံတားများ အစီအရီ ပေါ်ထွက်လာခဲ့ပြီး ဆက်သွယ်သွားလာရေး ကောင်းမွန်လာခဲ့သည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍစုံ၌ သိသိသာသာ တိုးတက်မြင့်မားလာခဲ့။ ယခင်က ဘိန်းပင်၊ ဘိန်းခင်းများဖြင့် ရုပ်ဆိုးကျည်းတန်နေသော သွေးချင်းတို့၏ တောင်ပေါ်ဒေသများ၌လည်း ဘိန်းအစားထိုးသီးနှံများဖြင့် လှပဝေဆာလာခဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော တစ်ခုတည်းသော အမိမြေပေါ်တွင် ရှည်လျားသော သမိုင်းစဉ် တစ်လျှောက်၌ မြန်မာတိုင်းရင်းသား မျိုးနွယ်စုတို့သည် အတူလက်တွဲ ပေါင်းစည်းလျက် ခံ့ထည်ဝင့်ကြွားစွာ ရပ်တည်နေထိုင်လာခဲ့ကြသည်။ ဗိသုကာနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပင်းယ၊ ကုန်းဘောင်၊ ပုဂံ၊ အင်းဝ၊ ဝေသာလီ၊ ဓညဝတီ စသည့် မြို့ပြနိုင်ငံတို့သည် တိုင်းတစ်ပါးသားတို့ ခံ့ညားလေးစားရသော မြန်မာ့သွေးချင်းတို့၏ မြို့ပြနိုင်ငံများဖြစ်ခဲ့သည်။ မြန်မာ့သွေးချင်း တိုင်းရင်းသားတို့သည် ပထဝီအနေအထားအရ နေထိုင်ရာ အရပ်ဒေသကွဲပြားခြားနားကာ နေထိုင်ကြစေကာမူ တစ်ခုတည်းသော အမိမြေ၊ တစ်ခုတည်းသော အမိနိုင်ငံတော်ဟူသည့် မြင့်မားသော ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲထာဝရ ထားရှိခဲ့ကြသည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၄၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်–

> **“ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခု ဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားရင်းများ ဖြစ်ကြပါသည်”**.... ဟူ၍

ထည့်သွင်းဖော်ပြခဲ့သည်။

သမိုင်းတစ်ကွေ့ အလှည့်အပြောင်းတွင် သွေးချင်းတို့၏ အမိမြေသည် ကျူးကျော်သူ နယ်ချဲ့မိစ္ဆာတို့၏ ခြေရာများဖြင့် အကျည်းတန်ခဲ့ရသည်။ နယ်ချဲ့ဗြိတိသျှတို့သည် ၁၈၂၄ခုနှစ် မတ်လ ၅ရက်နေ့တွင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲဖြင့်လည်းကောင်း၊ ၁၈၅၂ခုနှစ် ဧပြီလ ၅ရက်နေ့တွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲဖြင့်လည်းကောင်း၊ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲဖြင့် လည်းကောင်း မြန်မာ့မြေကိုကျူးကျော်စော်ကား တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲ သုံးပွဲစလုံးတွင် မြန်မာ့သွေးချင်း တိုင်းရင်းသားတို့သည် ရရာလက်နက်ဆွဲကိုင်ပြီး နယ်ချဲ့မိစ္ဆာတို့ကို အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသော်လည်း ခေတ်မီလက်နက်အရာတွင် နယ်ချဲ့တို့က များစွာ သာလွန်နေသောကြောင့် ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့က စိုးမိုးသိမ်းပိုက်သွားနိုင်ခဲ့သည်။ ယင်းနောက် မြန်မာဘုရင်သီပေါနှင့် မိဖုရားတို့ကို နယ်ချဲ့ဗြိတိသျှတို့က ကြက်ကလေး ငှက်ကလေးသဖွယ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပြီးနောက် မြန်မာ့ဦးစွန်းအနောက်သို့ယွန်းကာ မြန်မာ့အချုပ်အခြာအာဏာလည်း ကွယ်ပျောက်ခဲ့ရလေသည်။ မြန်မာ့အချုပ်အခြာအာဏာ ကွယ်ပျောက်ကာ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးသွားခဲ့ပြီးနောက်ပိုင်းတွင် မြန်မာ့တိုင်းရင်းသားသွေးချင်းတို့သည် အမိမြေကိုမြတ်နိုးတွယ်တာသော စိတ်ဓာတ်၊ နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်မှလွတ်မြောက်လိုသော စိတ်ဓာတ်တို့ မြင့်မားစွာဖြင့် မိစ္ဆာနယ်ချဲ့တို့ကို တောင်ပေါ်မြေပြန့် ဒေသအနှံ့၌ ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၂ခုနှစ်တွင် နယ်ချဲ့တို့သည် မြန်မာ့မြေမှ ဆုတ်ခွာခဲ့ကြရသည်။

နယ်ချဲ့ဗြိတိသျှအပြေး ၁၉၄၂ခုနှစ်တွင် မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာကြသော ဖက်ဆစ်ဂျပန်များသည်လည်း မြန်မာ တိုင်းရင်းသားသွေးချင်းတို့အပေါ် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းခဲ့ကြပြန်သည့်အတွက် တိုင်းရင်းသားသွေးချင်း အားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် ဖက်ဆစ်အန္တရာယ်ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပြန်သည်။ နောက်ဆုံးတွင် မြန်မာလူငယ်ရဲဘော်သုံးကျိပ်ဦးဆောင်သော မြန်မာ့တပ်မတော်နှင့် လက်တွဲ၍ မြန်မာတိုင်းရင်းသားသွေးချင်းတို့သည် အမိနိုင်ငံတော်၏ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်၏ သမိုင်းစာမျက်နှာပေါ်တွင် မြန်မာတိုင်းရင်းသား သွေးချင်းတို့၏ ဥမကွဲ၊ သိုက်မပျက် စည်းလုံးညီညွတ် လက်တွဲမှုသည်ကား အထင်အရှားပင်ရှိခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် အမိနိုင်ငံတော်၏ အသက်ဝိညာဉ်ပမာပင် ဖြစ်ပါသည်။ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံတော်ပြိုကွဲမည်၊ နိုင်ငံတော်ပြိုကွဲပါက တိုင်းရင်းသားသွေးချင်း ဘိုးဘေးဘီဘင်တို့၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို အရင်းအနှီးပြုကာ ရယူခဲ့သော အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် မြန်မာ့အချုပ်အခြာအာဏာသည်လည်း ဆုံးရှုံးကွယ်ပျောက်သွားမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့ကကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင်–

> **“ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှ ပြည်ထောင်စုကြီး ခိုင်မြဲနိုင်သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာလည်း တည်တံ့နိုင်မှာ ဖြစ်တယ်”**.... ဟု ထည့်သွင်း

မိန့်ကြားသွားခဲ့သည်။

၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၌ အကျည်းတန် အရုပ်ဆိုးလှစွာသော တိုင်းဆူပြည်ဖျက် အရေးအခင်းကြီး မကြုံစဖူး ပေါ်ပေါက်ခဲ့သည်။ ၁၉၇၄ခု ဧပြီလမှစ၍ ၁၄နှစ်ကြာ နိုင်ငံတော်ကို ဦးဆောင်မှုပေးခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား စီးပွားရေးကျဆင်းမှု၊ စားဝတ်နေရေး ကျပ်တည်းမှုတို့ကြောင့် ပြည်သူလူထုက အထွေထွေ မကျေနပ်မှုများ ဖြစ်ပေါ်လာရာမှ လက်ဝဲ၊ လက်ယာ အဖျက်သမားတို့၏ သွေးထိုး လှုံ့ဆော်မှုကြောင့် ဒီမိုကရေစီရရှိရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို ရှေ့တန်းတင်သော ဆူပူဆန္ဒပြမှုကြီး ဖြစ်ပေါ်လာခဲ့ပြီး ထိုမှတစ်ဆင့် တက်၍ လူသတ်၊ ခေါင်းဖြတ်၊ ဂိုဒေါင်ဖောက်၊ အပြစ်မဲ့သော ပြည်သူများကို အုပ်စုဖွဲ့၍ အနိုင်ကျင့်စသည့် မင်းမဲ့စရိုက် အကြမ်းဖက်လုပ်ရပ်
များ နိုင်ငံအနှံ့ ပေါ်ပေါက်လာခဲ့သည်။ ပြ
နှင့် အချိန်ကိုက်ပြီး တောတွင်းလက်နက်ကိုင်
သူ ဗကပတို့က မိုင်းယန်းကိုလည်းကောင်း၊
သောင်းကျန်းသူတို့က မဲသဝေါတပ်မတေ
အပြင်းအထန် ထိုးစစ်ဆင်ကာ နိုင်ငံတော်
အတည်းတွေ့အောင် ကြံစည်ခဲ့ကြသည်။ အကွ
လက်သစ်၊ လက်ဟောင်းတို့ကလည်း နိုင်ငံ
ဆက်သွယ်ရေးနည်းမျိုးစုံဖြင့် မဟုတ်မမှန်လုပ်
သွေးထိုးလှုံ့ဆော်လာခဲ့ကြသည်။ ပြည်တွင်
မီဒီယာရိုက်စားတို့ကလည်း ဂျာနယ်၊ စ
တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်
လှုံ့ဆော်လာခဲ့ကြသည်။ အင်အားကြီးနိုင်ငံတ
တင်သင်္ဘော (CORAL SEA) အပါအဝင်
လည်း ရန်ကုန်မြို့မှ ရေမိုင်(၁၉၀)ခန့်အကွာ
သို့ ကျူးကျော်ဝင်ရောက်လာပြီး နိုင်ငံတော်
ပိုင်ဆိုင်မှုကို ခြိမ်းခြောက်စော်ကားလာခဲ့သည်
တို့၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို
မိစ္ဆာတို့ထံမှ အရယူခဲ့သော အမိနိုင်ငံတော်
လက်လွှတ်ဆုံးရှုံးရတော့မည့် အခြေအနေ
သည်။ ထိုသို့သော အခြေအနေဆိုးများကို
တော့သော၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှေ
သွေးချင်းတို့၏ တပ်မတော်သည် နိုင်ငံတော်
အရပ်ရပ်ကို ကာကွယ်ထိန်းသိမ်းပြီး ၁၉၈
၁၈ရက်နေ့တွင် အမိနိုင်ငံတော်ကို ဘေးအ
လွတ်မြောက်အောင် ကယ်တင်စောင့်ရှောက်ခဲ့

**တပ်မတော်သည်နိုင်ငံတော်၏ တာဝန်
လိုအပ်ချက်၊ အမျိုးသားရေး လိုအပ်ချက်မ
တာဝန်ယူထိန်းသိမ်းလိုက်ရပြီးနောက်ပိုင်းတွ
ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တစ်ဝန်း
လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်
သွေးချင်းတို့နေထိုင်ရာ ပြည်ထောင်စုတစ်ဝ
ဒေသအနှံ့တွင် လမ်း၊ တံတားများ အစီ
ဆက်သွယ်သွားလာရေး ကောင်းမွန်လာခဲ့
စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်
တိုးတက်မြင့်မားလာခဲ့သည်။ ယခင်က ဘိ
ရုပ်ဆိုးကျည်းတန်နေသော သွေးချင်းတို့၏ တေ
ဘိန်းအစားထိုးသီးနှံများဖြင့် လှပဝေဆာလာ**

**ထို့ပြင် ခေတ်ကာလအဆက်ဆက်၌
ဆောင်ရွက်နိုင်စွမ်းမရှိခဲ့သော တိုင်းရင်းသ
ကိုလည်း အခိုင်အမာတည်ဆောက်နိုင်ခဲ့သ
တိုင်းရင်းသားသွေးချင်းတို့အပေါ်ထားရှိသေ
ဖြူစင်သည့် စေတနာတို့ကို နားလည်သိမြင် သ
တောတွင်း တိုင်းရင်းသားလက်နက်ကိုင်အ
အများအပြားသည်လည်း ၎င်းတို့၏ မှားယွင်း
စွန့်လွှတ်ကာ အမိနိုင်ငံ၏ရင်ခွင်သို့ ပြန်လည်**
ယခုအခါ ငြိမ်းချမ်းရေးယူခဲ့ကြသည့် တိုင်းရ
အချို့သည် အမိနိုင်ငံတော်ကာကွယ်ရေးအတွ
အဖြစ် တပ်မတော်သားဘဝကိုပင် ခံယူခဲ့ကြ

မျက်မှောက်ကာလ တပ်မတော်အစိုးရသ
အစပြု၍ အနာဂတ်နိုင်ငံတော်သစ်အတွက်
တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်ခဲ့ရာ
ရှေ့ခရီးသည် ဖြောင့်ဖြူးသာယာလျက်ရှိနေပြီဖြ
မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားသွေးချင်း
သော နိုင်ငံတော်ဖြစ်သည်နှင့်အညီ နိုင်ငံတေ
ဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒသည်လည်း အ
တို့၏ တစ်ထပ်တည်းကျသော ဆန္ဒအမှန်ပ
တိုင်းရင်းသားလူမျိုးကမျှ အမိနိုင်ငံကို တ
ဆန္ဒမျိုး၊ တိုင်းတစ်ပါးနောက်မြီးဆွဲ ဖြစ်စေလို
မဟုတ်ပါ။ အမိနိုင်ငံတော်သည် မြန်မာ့မြေဖွ
ဘိုးဘွားအမွေစစ်စစ်ပင် ဖြစ်ပါသည်။ ဘိုး
ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်မှာ
သွေးချင်းအားလုံးတို့၏ သမိုင်းပေးတာဝန်ပ

**၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၏ အ
သမိုင်းရေးလိုအပ်ချက်များအရ နိုင်ငံတော်ကို ဦ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးေ
အစိုးရ)သည် ပြည်တွင်းပြည်ပ အဖျက်အမှေ
မှုဝါဒလမ်းစဉ် ခုနစ်ရပ် (ROAD MAP)
နိုင်ငံတော်သစ်ကြီးအား ကြိုးပမ်းထုဆစ်ပုံဖေ
ပဉ္စမအဆင့်ဖြစ်သော “ဖွဲ့စည်းပုံအခြေခံဥပဒေ
ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးေ**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

များ နိုင်ငံအနှံ့ ပေါ်ပေါက်လာခဲ့သည်။ ပြည်တွင်းဆူပူလှုပ်ရှားမှုများနှင့် အချိန်ကိုက်ပြီး တောတွင်းလက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူ ဗကပတို့က မိုင်းယန်းကိုလည်းကောင်း၊ ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူတို့က မဲသဝေါတပ်မတော်စခန်းကိုလည်းကောင်း အပြင်းအထန် ထိုးစစ်ဆင်ကာ နိုင်ငံတော်ကို စစ်ရေးအရ အကျပ်အတည်းတွေ့အောင် ကြံစည်ခဲ့ကြသည်။ အကွက်ချောင်းနေသော နယ်ချဲ့လက်သစ်၊ လက်ဟောင်းတို့ကလည်း နိုင်ငံတော်ပြိုကွဲအောင် လူထုဆက်သွယ်ရေးနည်းမျိုးစုံဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းများ လွှင့်ထုတ်သွေးထိုးလှုံ့ဆော်လာခဲ့ကြသည်။ ပြည်တွင်းမှ ခါတော်မီ သတင်းမီဒီယာရိုက်စားတို့ကလည်း ဂျာနယ်၊ စာစောင်မျိုးစုံ ထုတ်ဝေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် လှုံ့ဆော်လာခဲ့ကြသည်။ အင်အားကြီးနိုင်ငံတစ်ခု၏ ရေတပ်လေယာဉ်တင်သင်္ဘော (CORAL SEA) အပါအဝင် စစ်သင်္ဘောငါးစင်းသည်လည်း ရန်ကုန်မြို့မှ ရေမိုင်(၁၉၀)ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ခြိမ်းခြောက်စော်ကားလာခဲ့သည်။ တိုင်းရင်းသား ဘိုးဘေးတို့၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို အရင်းအနှီးပြုကာ နယ်ချဲ့မိစ္ဆာတို့ထံမှ အရယူခဲ့သော အမိနိုင်ငံတော်၏ လွတ်လပ်ရေးသည် လက်လွတ်ဆုံးရှုံးရတော့မည့် အခြေအနေအထိ ဆိုက်ရောက်လာခဲ့သည်။ ထိုသို့သော အခြေအနေဆိုးများကို လက်ပိုက်ကြည့်မနေနိုင်တော့သော၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိသော သွေးချင်းတို့၏ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အရပ်ရပ်ကို ကာကွယ်ထိန်းသိမ်းပြီး ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် အမိနိုင်ငံတော်ကို ဘေးဆိုး၊ အန္တရာယ်ဆိုးကြီးမှ လွတ်မြောက်အောင် ကယ်တင်စောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည်နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို သမိုင်းရေးလိုအပ်ချက်၊ အမျိုးသားရေး လိုအပ်ချက်များအရ မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်းလိုက်ရပြီးနောက်ပိုင်းတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တစ်ဝန်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားသွေးချင်းတို့နေထိုင်ရာ ပြည်ထောင်စုတစ်ဝန်းမှ တောင်ပေါ်မြေပြန့်ဒေသအနှံ့တွင် လမ်း၊ တံတားများ အစီအရီ ပေါ်ထွက်လာခဲ့ပြီး ဆက်သွယ်သွားလာရေး ကောင်းမွန်လာခဲ့သည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍစုံ၌ သိသိသာသာ တိုးတက်မြင့်မားလာခဲ့သည်။ ယခင်က ဘိန်းပင်၊ ဘိန်းခင်းများဖြင့် ရုပ်ဆိုးကျည်းတန်နေသော သွေးချင်းတို့၏ တောင်ပေါ်ဒေသများ၌လည်း ဘိန်းအစားထိုးသီးနှံများဖြင့် လှပဝေဆာလာခဲ့သည်။

ထို့ပြင် ခေတ်ကာလအဆက်ဆက်၌ မည်သည့်အစိုးရကမျှ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ တပ်မတော်အစိုးရ၏ တိုင်းရင်းသားသွေးချင်းတို့အပေါ်ထားရှိသော မွန်မြတ်သည့် မေတ္တာ၊ ဖြူစင်သည့် စေတနာတို့ကို နားလည်သိမြင် သဘောပေါက်လာကြသည့်တောတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားသည်လည်း ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်အသီးသီးကို စွန့်လွှတ်ကာ အမိနိုင်ငံ၏ရင်ခွင်သို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ယခုအခါ ငြိမ်းချမ်းရေးယူခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမိနိုင်ငံတော်ကာကွယ်ရေးအတွက် နယ်ခြားစောင့်တပ်များအဖြစ် တပ်မတော်သားဘဝကိုပင် ခံယူခဲ့ကြလေပြီ။

မျက်မှောက်ကာလ တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ချိန်မှအစပြု၍ အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံကောင်းများကို တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်ခဲ့ရာ ယခုအခါ နိုင်ငံတော်၏ ရှေ့ခရီးသည် ဖြောင့်ဖြူးသာယာလျက်ရှိနေပြီဖြစ်သည်။ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားသွေးချင်းတို့ ပေါင်းစုနေထိုင်ပိုင်ဆိုင်သော နိုင်ငံတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီးအေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒသည်လည်း အမိမြေဖွား သွေးချင်းအားလုံးတို့၏ တစ်ထပ်တည်းကျသော ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ မည်သည့်တိုင်းရင်းသားလူမျိုးကမျှ အမိနိုင်ငံကို တစ်ပါးကျွန်ဖြစ်စေလိုသော ဆန္ဒမျိုး၊ တိုင်းတစ်ပါးနောက်မြီးဆွဲ ဖြစ်စေလိုသော ဆန္ဒမျိုး ရှိလိမ့်မည် မဟုတ်ပါ။ အမိနိုင်ငံတော်သည် မြန်မာ့မြေဖွား သွေးချင်းအားလုံးတို့၏ ဘိုးဘွားအမွေစစ်စစ်ပင် ဖြစ်ပါသည်။ ဘိုးဘွားအမွေကို မြတ်နိုးစွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်မှာ ယနေ့ မြန်မာတိုင်းရင်းသား သွေးချင်းအားလုံးတို့၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက်၊ သမိုင်းရေးလိုအပ်ချက်များအရ နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူခဲ့ရသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ)သည် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အမျိုးမျိုးကြားမှနေ၍ မူဝါဒလမ်းစဉ် ခုနစ်ရပ် (ROAD MAP)ကို ချမှတ်ကာ အနာဂတ်နိုင်ငံတော်သစ်ကြီးအား ကြိုးပမ်းထုဆစ်ပုံဖော်ခဲ့ရာ လမ်းစဉ်ခုနစ်ရပ်၏ ပဉ္စမအဆင့်ဖြစ်သော "ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပခြင်း"ကို ၂၀၁၀ခုနှစ်အတွင်း ကျင်းပတော့မည်ဖြစ်ပါသည်။ သွေးချင်းတို့၏ အမိနိုင်ငံတော်သစ်ကြီးသည် အနာဂတ်မှခ်ဦးဆီတွင် ရွှေရောင်လင်းလက်လျက် ရှိချေပြီ။ အမိမြေဖွား တိုင်းရင်းသားသွေးချင်းမောင်နှမအားလုံးတို့သည် အနာဂတ်နိုင်ငံတော်သစ်ကြီးကို ကြိုဆိုရင်း နိုင်ငံတော်၏ ရှေ့ခရီးတစ်လျှောက်တွင် တွဲလက်များ ခိုင်မြဲစွာဖြင့် ဘိုးဘွားအမွေစစ်ဖြစ်သော အမိမြေကို ကာကွယ်စောင့်ရှောက်သွားကြပါစို့ဟူ၍ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက် ရင်မှလှိုက်လှဲစွာ ဆန္ဒပြုလိုက်ပါသည်။ ။

ပြည်ထောင်စုနေ့ ဒို့မမေ့

* ဆောင်းချမ်းမြမြ၊ နှင်းမှုန်ကျ
လှပမြို့ပင်လုံ။

* မြန်ပြည်နောင်ရေး၊ လွတ်လပ်ရေး
မျှော်တွေး နိမိတ်ပုံ။

* ဆွေမျိုးသားချင်း၊ ညီနောင်ရင်း
ချစ်ခြင်းဖွဲ့ကာဆုံ။

* တစ်မြေတည်းနေ၊ တူသောက်ရေ
နှစ်ရှည်ကြာခဲ့ပုံ။

* စွမ်းအားမကြွယ်၊ ထင်းချောင်းငယ်
ချိုးလွယ်ကျိုးလွယ်ပုံ။

* ထင်းချောင်းငယ်များ၊ စုစည်းထား
ကြီးမားစွမ်းအင်စုံ။

* ပင်လုံစာချုပ်၊ ရေးထိုးချုပ်
ကြိုးကုတ်အောင်ပွဲကြုံ။

* ဘိုးဘွားအမွေ၊ စောင့်ထိန်းလေ
ဒို့တွေမြတ်နိုးယုံ။

* တွဲသောလက်များ၊ ချိတ်ဆက်ထား
စွမ်းအားတောင်လိုပုံ။

* ပြည်ထောင်စုနေ့၊ ဒို့မမေ့
ပျော်မွေ့နှစ်စဉ်ကြုံ။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ပန်းတောင်းသန်းကြွယ်

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဆောင်ရွက်မည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	**စိုက်ပျိုးရေး**		
	ရေဘုတ်ရေလှောင်တမံ	လှိုင်းဘွဲ့မြို့နယ်	အကျိုးပြုဧက ၃၀၀၀
၂။	**လမ်းပန်းဆက်သွယ်ရေး**		
	ပေ ၁၈၀ နှင့် အထက် တံတားသုံးစင်း	ကြာအင်းဆိပ်ကြီးမြို့နယ်	ဝင်းယော်တံတား ပေ ၃၄၀ (သစ်သားဘေလီသံပေါင်)
		ကြာအင်းဆိပ်ကြီးမြို့နယ်	ဟောင်သရောတံတား ပေ ၂၇၀ (သစ်သား ဘေလီသံပေါင်)
		ကော့ကရိတ်မြို့နယ်	ပတတံတား ပေ ၃၃၀ (သစ်သားဘေလီသံပေါင်)
၃။	**ဆက်သွယ်ရေး**		
	- CDMA , GSM မိုဘိုင်းလ်ဖုန်း	ကရင်ပြည်နယ်	၃၉၀၁ လုံး
	- GSM မိုဘိုင်းလ်ဖုန်း	ဘားအံ/မြဝတီမြို့နယ်	၂၇၅၂ လုံး
၄။	**လျှပ်စစ်စွမ်းအား**		
	တည်ဆောက်ဆဲစီမံကိန်း ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း	လှိုင်းဘွဲ့မြို့နယ်	၇၃၂၅ မဂ္ဂါဝပ်

စာမျက်နှာ ၇ မှ

ကရင်ပြည်နယ်အတွင်း ထိုးစစ်တွေ တစ်ဖက်သတ် ရပ်ဆိုင်းတုန်းကလည်း ပြည်သူတွေကော၊ ဖထီးတို့တောတွင်းက အဖွဲ့အားလုံးကော အရမ်းဝမ်းသာကြရပါတယ်။ အခုဆို ငြိမ်းချမ်းခြင်းရဲ့ အေးမြတဲ့အရသာနဲ့ အသီးအပွင့်တွေကို ဖထီးတို့ခံစားနေရပြီ။ ငြိမ်းချမ်းရေးဟာ ဘာနဲ့မှ လဲလို့မရပါဘူး" ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် လုပ်ငန်းတာဝန်များပြီးဆုံး၍ သာစွဌာနေ ဖွဲ့ကပင်မြေမှ ပြန်လည်ထွက်ခွာ လာခဲ့ကြသည်။ သို့ဖြစ်လင့်ကစား (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ဖျော်ဖြေတင်ဆက်ကြမည့် ကရင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကြိုတင်ဇာတ်တိုက်စဉ်က ကြားခဲ့ရသော ဒုံးသီချင်းထဲမှ **"ကျွန်တော် ကျွန်မတို့ရဲ့ ပြည်နယ်ကို လာလည်လှည့်ပါ။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကြပြီး စိတ်သဘောထား အရမ်းဖြူစင်ကြပါတယ်။ အရောက်လာခဲ့ပါမိတ်ဆွေ၊ ရွာထိပ်မှာသင့်ကို စောင့်မျှော်နေမှာပါ"** ဟူသည့် သီချင်းစာသားကို ပြန်လည်ကြားယောင်မိနေဆဲ····။ ။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၇-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘုန်းကံကြီးပြီ ဒို့ဌာနီ** တရားတော် ဆရာတော်အရှင်လာဘ
- ၆:၅၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာရှိ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၃၄)အား ဘက်စုံပြုပြင် မွမ်းမံနိုင်ရန် ငွေပဒေသာပင်များလှူဒါန်းခြင်း အခမ်းအနား
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၄)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
- ၉:၀၅ ပြည်ထောင်စုတေး အစီအစဉ်
- ၉:၁၀ Mikko ရဲ့ Hello
- ၉:၂၀ ဓလေ့ရိုးရာ ရှမ်းရွာလေးများ
- ၉:၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
- ၁၀:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ အတိတ်၏အရိပ်
- ၁၀:၄၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၁၁:၀၅ ဗီဒီယိုပြခန်း
- ၁၁:၁၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတနက်သန် တစ်ခေတ်သီဖွဲ့ဟန် နှင့် ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်)
- ၁၁:၄၅ အလုံသဘော်ကျင်း၏တစ်နေ့တာ လုပ်ငန်းဆောင်တာများ
- ၁၂:၁၀ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
- ၁၂:၃၅ ဈေးဝယ်လမ်းညွှန် ရန်ကင်း Centre က MK Fashion Shop
- ၁:၀၀ **ဘုန်းကံကြီးပြီ ဒို့ဌာနီ** တရားတော် ဆရာတော်အရှင်လာဘ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ဆွေမျိုးများတာကောင်းတယ်၊ ဆွေမျိုးမများတာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၄)
- ၄:၁၅ Myanma Naples Beach & Aureum Palace Resort
- ၄:၅၀ Mikko ရဲ့ Hello
- ၅:၀၅ မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
- ၅:၁၅ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ
- ၇:၂၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ဆွေမျိုးများတာကောင်းတယ်၊ ဆွေမျိုးမများတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၄)
- ၁၀:၁၀ အိုမင်းမှု၊ ရောဂါများနှင့် Antioxidant
- ၁၀:၂၅ Barclays Premier League (Chelsea Vs Arsenal)
- ၁၂:၂၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတနက်သန် တစ်ခေတ်သီဖွဲ့ဟန် နှင့် ရေနံ့သာ စိုးလှိုင်၏ သီဆိုဟန်)
- ၁၂:၅၀ ဓနုရိုးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
- ၁၂:၅၅ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁) ရဲ့အား
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇:၅၅	Birmingham- Wolverhampton	ESPN(Live)
၁၀:၂၅	Chelsea- Arsenal	ESPN(Live)

ယနေ့အခါတွင် ကမ္ဘာ့နိုင်ငံ အသီးသီး၌ အရာရာကို မိမိတို့၏ အမျိုးသားအကျိုးစီးပွား အပေါ် အခြေခံပြီးမှသာ ဆုံးဖြတ်ဆောင်ရွက် နေကြသည်ကို တွေ့ရမှာဖြစ်၊ ထို့အတူ မိမိတို့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီကို ကျင့်သုံးကြရာ တွင်လည်း ပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများအနေဖြင့် အတွေးအခေါ်အယူအဆ၊ နိုင်ငံရေးဝါဒများ ကွဲပြားကြမှာ ဖြစ်သော်လည်း အားလုံးက အမျိုးသား အကျိုးစီးပွားပေါ် အခြေခံ ဆောင်ရွက်ကြရမှာသာဖြစ်၊ သို့မှသာ ဒီမိုကရေစီစနစ်အတွင်းကနေ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်။

စာမျက်နှာ ၅ မှ

- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေး နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထုတ်နုတ်ပြသ

ထို့နောက် ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာကြရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ပုံဆုကို ကြိုးတန်းဇာတ်ကားမှ သန်းညွန့်(ပန်းသာ)ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို အများနှင့်မသက်ဆိုင်သောသူဇာတ်ကားမှ ခင်မို့မို့အေးကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို အကယ်ဒမီရှော့ဇာတ်ကားမှရဲအောင်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို မြင်းမိုရ်ထက်ကသရဖူ ဇာတ်ကားမှ မို့မို့မြင့်အောင်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကို အများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားမှ ခန့်စည်သူကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုကို မျက်ခြယ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် အများနှင့်မသက်ဆိုင်သောသူဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုကို အများနှင့်မသက်ဆိုင်သောသူ ရုပ်ရှင် ဇာတ်ကားရိုက်ကူးသူ ညီညီထွန်းလွင်ကလည်းကောင်း ရရှိကြောင်းကြေညာကြပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံးသရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား သွားရောက်ဂါရဝပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ Local Talent
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၀)
- ၁၂:၂၀ ၄။ Golf Magazine (TV)
- ၁၂:၄၅ ၅။ မြန်မာရုပ်ရှင် **လျှို့ဝှက်သောနှင်း** လွင်မိုး၊ လူမင်း၊ ညွှန့်ဝင်း၊ ထွန်းထွန်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ- စင်ရော်မောင်မောင်)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၂၀ ၃။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၄:၅၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၅:၅၀ ၆။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ တစ်မျက်နှာ တစ်ကွက်စာ အလှူတော်မင်္ဂလာ လေပြေ၊ ဦးဝင်းမြိုင်၊ ခင်မို့မို့အေး [ဒါရိုက်တာ- မေတင်(MMG)]
- ၆:၄၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၁)
- ၇:၃၀ ၁၁။ ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆော မိသားစုစွန့်စားခန်း** (ဇာတ်သိမ်းပိုင်း)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၆)
- ၁၇။ ရုပ်သံကြိယ်ပွင့်များ

ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ စစ်ကိုင်းတိုင်း ဗိုလ်လုပွဲတက်ရောက်

ပုသိမ် ဖေဖော်ဝါရီ ၆ (ဖက်စ်)

(၅၅)ကြိမ်မြောက် ပြည်နယ်/တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၆ရက် ညနေ ၃နာရီခွဲက ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ကျင်းပရာ စစ်ကိုင်းတိုင်းအသင်းက မကွေးတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ စစ်ကိုင်းတိုင်းအသင်းအတွက် အနိုင်ဂိုးကို အချိန်ပို မိနစ် ၃၀တွင် သွင်းယူခဲ့သည်။ ဒုတိယအကြိုဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၇ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ဧရာဝတီတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပရီမီယာလိဂ်ပွဲစဉ်(၂၅) အနိုင်အရှုံး

လီဗာပူး	၁ - ၀	အဲဗာတန်
ဘော်လ်တန်	၀ - ၀	ဖူလ်ဟမ်
ဘန်လေ	၂ - ၁	ဝက်စ်ဟမ်း
ဟူးလ်စီးတီး	၂ - ၁	မန်စီးတီး
မန်ယူ	၅ - ၀	ပို့စ်မောက်
စတုတ်စီးတီး	၃ - ၀	ဘလက်ဘန်း
ဆန်းဒါးလန်း	၁ - ၁	ဝီဂန်

(အင်တာနက်)

အထက်ပိုင်းဒေသများ၌ ညအပူချိန်ကျဆင်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၁၁ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

<u>ဖေဖော်ဝါရီ ၇ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန် အနည်းငယ်ကျဆင်းနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။
<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဝမ်းသာပီတိဖြစ်မှုက ဖော်မပြတတ်အောင်ပါပဲ။ ဒါရိုက်တာ ညီညီထွန်းလွင်

အနုပညာခရီးအတွက် စိတ်ဓာတ်ခွန်အားတွေ တိုးပွားခဲ့ပြီ။ ခန့်စည်သူ

အနုပညာအလုပ်တွေ ပိုပြီး ကြိုးစားဆောင်ရွက်သွားမယ်။ မို့မို့မြင့်အောင်

အကယ်ဒမီသတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)နှင့် မျိုးမင်းသိန်း(မရမ်းကုန်း) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၆

အနုပညာငွေကြယ်ပွင့်တို့ လင်းလက်တောက်ပသည့် အကယ်ဒမီညချမ်း....။ နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ စင်မြင့်ထက်၌ ရောင်စုံမီးဆလိုက်များ ဖြာကျနေသည်။ ရွှေရောင်ဖိတ်ဖိတ်တောက်နေသော အကယ်ဒမီရွှေစင်ရုပ်တုကြီးနှစ်ခုကလည်း တဖြည်းဖြည်းချင်း လည်ပတ်နေသလို အစိမ်းရောင်နှင့်အပြာရောင် နောက်ခံပေါ်တွင် အကယ်ဒမီရုပ်တုကြီးတစ်ခုကလည်း ဝင့်ကြွားစွာ တည်ရှိနေသည်။

"ပရိသတ်တွေကို ကျေနပ်နှစ်သိမ့်မှု ပေးချင်လို့ပါပဲ"
အကယ်ဒမီ
ဒါရိုက်တာညီညီထွန်းလွင်

စင်မြင့်ဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် ၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်များကလည်း ပရိသတ်များ ဝိုင်းဝိုင်းလည်လျက်....။ စင်မြင့်ရှေ့တည့်တည့် ပွဲကြည့်စင်ဘက်တွင် အထူးဧည့်သည်တော်များနှင့် တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်လျက် လာရောက်ကြည့်ရှု အားပေးသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကိုလည်း မြင်တွေ့ရသည်။

ရုပ်ရှင်အနုပညာရှင်များအပါအဝင် နိုင်ငံတစ်ဝန်းမှ ပရိသတ်များကလည်း ဖေဖော်ဝါရီ ၆ရက်၌ ကျင်းပသည့် ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်မြင်သံကြားဖန်သားပြင်မှ တစ်ဆင့် ရင်ခုန်လှိုက်မောစွာ ကြည့်ရှုနေကြသည်။

၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားတွင် ရုပ်ရှင်အနုပညာရှင်အချင်းချင်း နှုတ်ဆက်သံများ၊ ပရိသတ်များနှင့် တပျော်တပါး ဓာတ်ပုံရိုက်ကြသည့် မြင်ကွင်းများ၊ ရိုးရာဝတ်စုံပြည့် ဝတ်ဆင်ထားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စိတ်ဝင်စားစွာ လာရောက်အားပေးနေသည့် မြင်ကွင်းကား နွေးထွေးမှု၊ စုစည်းမှု၊ ရင်ခုန်လှိုက်မောဖွယ် ကောင်းမှုများဖြင့် စည်ဝေလျက်ရှိနေသည်။ စင်မြင့်ညာဘက်တွင် ခေတ်ပေါ်တေးဂီတ သံစဉ်များဖြင့် အနုပညာရှင်များက တစ်ဦးပြီး တစ်ဦး တက်ရောက် သီဆိုဖျော်ဖြေလျက်ရှိရာ ပျော်ရွှင်ကြည်နူး ချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

၂၀၀၈ခုနှစ် အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အခမ်းအနားတွင် အကောင်းဆုံး ဒါရိုက်တာဆုကို ဒါရိုက်တာညီညီထွန်းလွင်က **အများနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိကြောင်း ကြေညာလိုက်ရာ ကင်မရာသမားများ ဝိုင်းဝိုင်းလည်သွားသည်။ ဂုဏ်ပြုနှုတ်ဆက်ကြသူများ၊ မီဒီယာသမားများကြားမှ ပြုံးပျော်နေသူ ဒါရိုက်တာညီညီထွန်းလွင်က "ကျွန်တော့်အနုပညာသည်

"အကယ်ဒမီ ရရှိလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး"
အကယ်ဒမီမို့မို့မြင့်အောင်

ဘဝမှာ ပထမဆုံးအကယ်ဒမီဆု ရရှိခြင်းပါပဲ။ ကျွန်တော်က ဟာသကားတွေ အများဆုံး ရိုက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရုပ်ရှင်ဇာတ်ကားရိုက်ကူးတိုင်း ပရိသတ်ကို ကျေနပ်နှစ်သိမ့်မှုပေးချင်တယ်။ ပရိသတ်အပေါ် စေတနာထားပြီး ရိုက်ကူးတယ်။ အမှန်အတိုင်းဝန်ခံရရင် အကယ်ဒမီဆုရရှိလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို အကယ်ဒမီဆုရရှိတော့ ဝမ်းသာပီတိဖြစ်မှုက ဖော်မပြတတ်အောင် ပါပဲ" ဟု ပြုံးရွှင်စွာ ပြောကြားသည်။ ဒါရိုက်တာညီညီထွန်းလွင်ကို ရုပ်ရှင်အနုပညာရှင် ညီအစ်ကိုမောင်နှမများက ဝမ်းပန်းတသာ ဝိုင်းဝန်း နှုတ်ဆက်နေကြသဖြင့် လူအုပ်ကြားမှ တိုးထွက်ခဲ့ရသည်။

ထို့နောက် ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိသူအမည်ကို ကြေညာရာ **အများနှင့်မသက်ဆိုင်သောသူ** ရုပ်ရှင်ဇာတ်ကားမှ ခန့်စည်သူက ရရှိသွားသည်။ ခန့်စည်သူ အနီးတွင် ကင်မရာသမားများ စုပြုံတိုးဝှေ့နေသလို ရုပ်ရှင်အနုပညာရှင် ညီအစ်ကိုမောင်နှမများကလည်း လာရောက်နှုတ်ဆက် ဂုဏ်ပြုကြသည်မှာ ပျော်စရာပင်။ **အများနှင့်မသက်ဆိုင်သောသူ** ရုပ်ရှင်ဇာတ်ကားတွင် ဉာဏ်မပြည့်သော်လည်း ဘဝပေးအသိရှိစွာဖြင့် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည့် ခန့်စည်သူ၏ သရုပ်ဆောင်မှုများကို ပြန်လည်ပြသရာ ကောင်းမွန်ထိမိလှသည်။ လူအုပ်ကြားနစ်မြုပ်နေသော ခန့်စည်သူကို အကယ်ဒမီ ရရှိမှုနှင့်ပတ်သက်ပြီး မေးမြန်းရာ "ကျွန်တော်က ရုပ်ရှင်သင်တန်း (၁/၉၈) သင်တန်းဆင်းဖြစ်ပါတယ်။ ၂၀၀၀ပြည့်နှစ်က ရုပ်ရှင်အနုပညာလောကထဲ စရောက်တာဆိုတော့ အနုပညာသက်တမ်း ရှစ်နှစ်အတွင်းမှာ ပထမဆုံး အကယ်ဒမီဆု ဆွတ်ခူးရရှိခြင်းပါပဲ။ အကယ်ဒမီဆု ရရှိပြီဆိုတော့ အနုပညာခရီးအတွက် စိတ်ဓာတ်ခွန်အားတွေတိုးပွားလာစေခဲ့ပါပြီ။ ပရိသတ်တွေအတွက် တတ်ကျွမ်းတဲ့ အနုပညာနဲ့ အကောင်းဆုံးပေးဆပ်သွားမှာပါ" ဟု ပီတိအပြုံးဖြင့် ခန့်စည်သူက ပြောကြားသည်။

အနုပညာအရည်အသွေး တိုးတက်လာ

ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု များ ပေးအပ် ချီးမြှင့်ခြင်းဖြင့် ရုပ်ရှင်အနုပညာရှင်များ၏ အနုပညာအရည်အသွေး တိုးတက်လာပြီး တိုင်းကျိုးပြည်ပြု ဇာတ်ကားကောင်းများ ပေါ်ထွက်လာ။

တစ်ဖန် ၂၀၀၈ ခုနှစ် အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ရရှိသူအမည်စာရင်းကို ကြေညာရာ **မြင်းမိုရ်ထက်ကသရဖူ** ဇာတ်ကားမှ ခင်မေအဖြစ်လည်းကောင်း၊ မေခင်အဖြစ်လည်းကောင်း နှစ်ကိုယ်ခွဲ၍ အကောင်းဆုံးပီပြင်စွာ သရုပ်ဆောင်ခဲ့သည့် မို့မို့မြင့်အောင်က ရရှိသွားသည်။ မို့မို့မြင့်အောင်သည် ယခု အကယ်ဒမီဆု အပါအဝင် စုစုပေါင်း အကယ်ဒမီဆု ငါးဆု ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ဂုဏ်ပြုနှုတ်ဆက်နေကြသည့် လူအုပ်ကြားမှ မို့မို့မြင့်အောင်၏ ဝမ်းသာပီတိဖြစ်မှုကို မေးမြန်းခဲ့ရာ "ဒီဇာတ်ကားမှာ မမို့ အများကြီး အားထည့်ကြိုးစားခဲ့ပါတယ်။ ဒါရိုက်တာအပါအဝင် လုပ်ဖော်ကိုင်ဖက် အနုပညာမောင်နှမတွေလည်း အများကြီး ဝိုင်းပံ့ပိုးပေးကြလို့ အခုလို အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့တာပါ။ မမို့အနေနဲ့ အခုလို အကယ်ဒမီဆု ချီးမြှင့်ခံရလို့ အနုပညာ

ကြိုးစားရိုက်ကူး

"ဇာတ်ကားနဲ့ အံဝင်ခွင်ကျဖြစ်မယ့်မြင်ကွင်းတွေကို သေသေချာချာ ရိုက်ကူးခဲ့လို့ပါပဲ။ ပရိသတ်တွေအတွက် စေတနာထားပြီး ကြိုးစားရိုက်ကူးပေးခဲ့တာပါ"
အကယ်ဒမီသန်းညွန့် (ပန်းသာ)

အလုပ်တွေ ပိုမိုကြိုးစားဆောင်ရွက်သွားမှာပါ။ ဝမ်းသာကြည်နူးမှုကတော့ ပြောမပြတတ်အောင်ပါပဲ" ဟု မို့မို့မြင့်အောင်က လှိုက်လှဲဝမ်းသာစွာဖြင့် ပြောပြသည်။

အမျိုးသားဇာတ်ပို့ဆု

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမျိုးသား အကောင်းဆုံးဇာတ်ပို့ဆုကို ရုပ်ရှင်သရုပ်ဆောင် ရဲအောင်က ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးတင်ဆက်သည့် **အကယ်ဒမီရွှေ** ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

အကယ်ဒမီ ရဲအောင်သည် အကယ်ဒမီရွှေဇာတ်ကားတွင် ခန့်ပိုင်အဖြစ် သရုပ်ဆောင်ထားပြီး ဇနီးဖြစ်သူနှင့် သူငယ်ချင်းဖြစ်သူတို့အကြား အကယ်ဒမီရွှေဟုဆိုရလောက်အောင် မိမိရရ ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အကယ်ဒမီရဲအောင်က "ကျွန်တော် ဒီဆုနဲ့ဆိုရင် ဒုတိယအကြိမ်မြောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ပထမဆုံးရတဲ့နှစ်က ၁၉၉၃ခုနှစ်ကပါ။ ဒီဆုနဲ့ဝေးခဲ့တာ ၁၅နှစ်လောက်ကြာသွားခဲ့ပါပြီ။ မမျှော်လင့်ဘဲ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် နောင်အနုပညာခရီးလမ်း ရှေ့ဆက်ဖို့အတွက် အားဆေးတစ်ခွက်ပါပဲ။ ပရိသတ်တွေရဲ့ အားပေးမှုနဲ့ အနုပညာနယ်ပယ်မှာ ဆက်လက်ရှင်သန်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အမျိုးသမီးဇာတ်ပို့ဆု

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမျိုးသမီး အကောင်းဆုံးဇာတ်ပို့ဆုကို ရုပ်ရှင်သရုပ်ဆောင် ခင်မို့မို့အေးက ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးတင်ဆက်သည့် **အများနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင် ခင်မို့မို့အေးသည် ဤအများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားတွင် ဒေါ်ငွေဇင်အဖြစ် သရုပ်ဆောင်ထားသည်။ ဒေါ်ငွေဇင်သည် လောဘရမ္မက်ကြီးပြီး သမီးဖြစ်သူ (ထွန်းအိန္ဒြာဗို)နှင့် ချစ်ဦးအဖြစ် သရုပ်ဆောင်ထားသည့် ခန့်စည်သူတို့အကြား ပီပြင်သော သရုပ်ဆောင်မှု၊ အကောင်းဆုံး သရုပ်ကွက်များကြောင့် ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်မအနေနဲ့ ဒီဆုကို ဆွတ်ခူးရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ အမှန်တကယ်လည်း ပရိသတ်တွေရဲ့ အားပေးမှုနဲ့ ဒီဆုကို မျှော်လင့်ထားခဲ့တာပါ။ ကျွန်မဒီဆုရအောင် ဇာတ်ကွက်များများ ထည့်သွင်းပေးခဲ့တဲ့အတွက်ကြောင့်လည်း ဒီဆုကို မျှော်လင့်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခုရတဲ့ အကယ်ဒမီဆုကြောင့် ကျွန်မရဲ့ အနုပညာရှေ့ဆက်ရမယ့်ခရီးအတွက် အမှန်တကယ် အားဆေးပါပဲ။ ဆက်လက်ပြီးတော့လည်း ကြိုးစားသွားပါမယ်" ဟု သရုပ်ဆောင်အကယ်ဒမီ ခင်မို့မို့အေးက ပြောကြားသည်။

အကောင်းဆုံးဇာတ်ကားဆု

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အကောင်းဆုံးဇာတ်ကားဆုကို မျက်ခြယ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးတင်ဆက်သည့် **အများနှင့် မသက်ဆိုင်သောသူ** ဇာတ်ကားက ဆွတ်ခူး ရရှိသွားခဲ့သည်။

"ကျွန်တော်ဒီဇာတ်ကားကို မင်းလူရဲ့ဝတ္ထုကို အခြေခံထားတာဖြစ်ပါတယ်။

"ကျွန်တော့်ဘဝအတွက် ပထမဆုံး အကယ်ဒမီဆု ဖြစ်ပါတယ်"
အကယ်ဒမီခန့်စည်သူ

ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူနဲ့ သရုပ်ဆောင် ခင်မို့မို့အေးတို့ အခန်းများများနဲ့ ရိုက်ကူးထုတ်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ မျှော်လင့်ထားတဲ့အတိုင်း ဒီဆုဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်" ဟု **အများနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားထုတ်လုပ်သူ ဦးဝင်းနိုင်က ပြောကြားသည်။

အကောင်းဆုံးဓာတ်ပုံဆု

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံးဓာတ်ပုံဆုကို သန်းညွန့်(ပန်းသာ)က **ကြိုးတန်း** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

သန်းညွန့်(ပန်းသာ)သည် **ကြိုးတန်း** ဇာတ်ကားတွင် ဧရာဝတီမြစ်၏အလှ၊ တံငါသည်များ၏ ဘဝသရုပ်ကို ဓာတ်ပုံအနုပညာဖြင့် ပီပြင်စွာ ရိုက်ကူးနိုင်ခဲ့၍ ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ၌ အကောင်းဆုံးဓာတ်ပုံဆု ချီးမြှင့်ခြင်းခံရခြင်းဖြစ်သည်။

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စုပါ အစိမ်းရောင်ကော်ဖီမစ်က အဓိကပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

"ပထမအကြိမ် အကယ်ဒမီရပြီး ၁၅နှစ်ကြာမှ ဒုတိယအကြိမ် အကယ်ဒမီ ရရှိခြင်းပါပဲ"
အကယ်ဒမီရဲအောင်

ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု များ ပေးအပ်ချီးမြှင့်ခြင်းဖြင့် ရုပ်ရှင်အနုပညာရှင်များ၏ အနုပညာအရည်အသွေး တိုးတက်လာပြီး တိုင်းကျိုးပြည်ပြု ဇာတ်ကားကောင်းများ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိပါဘူး၊ ဒီလို အကယ်ဒမီ ရရှိလို့ ဆရာအားလုံးကို ကျေးဇူးတင်ပါတယ်"
အကယ်ဒမီခင်မို့မို့အေး

ကြည်နူးရွှင်ပျ၊ ပြုံးပျော်ကြသည့် ဂုဏ်ယူလန်းဆန်း အကယ်ဒမီ ညချမ်း

၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်း လဟာပြင် ကဇာတ်ရုံ၌ ကျင်းပရာ ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးသူများအား ဝမ်းပန်းတသာ ဝိုင်းဝန်း ဂုဏ်ပြု နှုတ်ဆက်ကြသူများ၊ စိတ်ဝင်စား တက်ရောက်အားပေးသော ပြည်နယ်နှင့် တိုင်းအသီးသီးမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ရွှင်မြူးပြုံးပျော် စိတ်ချမ်းမြေ့ဖွယ်ရာ ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်-

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ဆုများလက်ခံယူပြီးတွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင် အကောင်းဆုံးထူးချွန်ဆု ရွေးချယ်ချီးမြှင့်ပွဲ၌ အကောင်းဆုံး ဒါရိုက်တာဆု ဆွတ်ခူးရရှိသွားသည့် ဒါရိုက်တာ ညီညီထွန်းလွင်အား ဝိုင်းဝန်းဂုဏ်ပြုကြသူများနှင့် နှုတ်ဆက်နေ ကြသူများကလည်း ဤသို့ ဝိုင်းဝိုင်းလည်လျက်….။

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

အမျိုးသားဇာတ်ပို့ဆု

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အမျိုးသားဇာတ်ပို့ဆု ရရှိသွားသော အကယ်ဒမီ ရဲအောင်အား ဆုကြေညာအပြီး အကယ်ဒမီ ထွန်းထွန်းဝင်းနှင့်အတူ တွေ့ရသည်မှာ….။

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု ဆွတ်ခူးရရှိသွားသော အကယ်ဒမီ မို့မို့မြင့်အောင်အား ဝိုင်းဝန်းဂုဏ်ပြုကြသူများဖြင့်….။

ဓာတ်ပုံမှတ်တမ်း-
မျိုးမင်းသိန်း(မရမ်းကုန်း)

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိသွားသော ခင်မို့မို့အေးအား ဤသို့ ဝမ်းသာပီတိဖြာလျက်….။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ဆွတ်ခူးရရှိသွားသော ခန့်စည်သူအား အနုပညာမောင်နှမများနှင့်အတူ….။

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသို့ ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများကလည်း ဤသို့ လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-
မျိုးမင်းသိန်း(မရမ်းကုန်း)

ကြည့်ရှုအားပေး

၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများကလည်း ဤသို့ ရွှင်မြူးဝမ်းမြောက်စွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-
မျိုးမင်းသိန်း(မရမ်းကုန်း)

7-2 (12).pmd 1 2/7/2010, 4:17 AM

အက်စတိုးနီးယားသမ္မတနိုင်ငံဆိုသည်မှာ . . . .

နိုင်ငံတကာသတင်းအက်ဆေး



အက်စတိုးနီးယားသမ္မတနိုင်ငံသည် အရှေ့ဥရောပတွင်တည်ရှိသည်။ ဤနိုင်ငံသည် ဆိုဗီယက်ဘောလတစ် သမ္မတနိုင်ငံဟောင်းသုံးနိုင်ငံအနက် မြောက်ဘက်အကျဆုံး နိုင်ငံဖြစ်သည်။ ဤနိုင်ငံမှာ သေးငယ်ပြီး သစ်တောများ ထူထပ်စွာဖုံးလွှမ်းနေသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဝင်ခွင့်ရရှိ

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် လွတ်လပ်ရေးရရှိ၍ ဆယ်စုနှစ်တစ်စုပင် မပြည့်မီ ၂၀၀၄ခုနှစ် မေလတွင် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သို့ ဝင်ရောက်အပြီး ရက်သတ္တပတ်အနည်းငယ်တွင် အီးယူဝင်ခွင့်ရရှိခြင်းဖြစ်သည်။

ထူထောင်

၁၉၈၈ ခုနှစ်တွင် လွတ်လပ်ရေးကြေညာသည်။ ၁၉၂၀ပြည့်နှစ်တွင် ရုရှားနှင့် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးသည်။ ၁၉၃၄ ခုနှစ်တွင် ဝန်ကြီးချုပ် ကွန်စတန်တင်ပက်က သွေးထွက်သံယိုမရှိ အာဏာသိမ်းမှုကို ဦးဆောင်ပြီးနောက် အာဏာရှင်ဆန်သည့် အုပ်ချုပ်ရေးကို ထူထောင်သည်။ ၁၉၃၈ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ဝန်ကြီးချုပ်ပက် သမ္မတဖြစ်လာသည်။

ကျူးကျော်ဝင်ရောက်

၁၉၃၉ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၏ တပ်ဖွဲ့ဝင်များ လာရောက်တပ်စွဲလာမည့်အရေးကို လက်ခံခိုင်းသည်။ ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ဆိုဗီယက်တပ်ဖွဲ့ဝင်များ ချီတက်သည်။ ထိုနှစ်ဩဂုတ်လတွင် အက်စတိုးနီးယားနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စုအတွင်း သွတ်သွင်းလိုက်သည်။ ၁၉၄၁ခုနှစ်တွင် ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်သည်။ ၁၉၄၄ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဤနိုင်ငံကို ပြန်လည်သိမ်းယူသည်။ ထောင်ပေါင်းများစွာသော အက်စတိုးနီးယားပြည်သူများကို ဆိုက်ဘေးရီးယားနှင့် ဗဟိုအာရှသို့ပို့သည်။

ထပ်မံအရွေးခံရ

၁၉၈၈ခုနှစ်အရောက်တွင် ပြည်သူ့တပ်ဦးက ဒီမိုကရေစီတိုက်ပွဲဝင်သည်။ ၁၉၉၁ ခုနှစ်တွင် ဤနိုင်ငံ၌ ကွန်မြူနစ်အုပ်ချုပ်မှုပြိုကွဲအဆုံးသတ်သွားသည်။ ဆိုဗီယက်အစိုးရက ဘောလတစ်သမ္မတနိုင်ငံများ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုလိုက်ရမှုကြောင့်ဖြစ်သည်။ ၁၉၉၂ခုနှစ်တွင် လင်းနတ်မာရီ သမ္မတဖြစ်လာသည်။ ၁၉၉၆ ခုနှစ်တွင် ထပ်မံအရွေးခံရသည်။

ဖိတ်ကြား

၂၀၀၁ခုနှစ် အောက်တိုဘာသမ္မတရွေးကောက်ပွဲတွင် ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်ဟောင်း အနိုးရူတဲကသမ္မတရာထူးကို ကျမ်းသစ္စာကျိန်ဆိုလက်ခံသည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် အာဏာရ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း စကားများပြီးနောက် ဝန်ကြီးချုပ်မတ်လာ ရာထူးမှနုတ်ထွက်သည်။ ညွန့်ပေါင်းအစိုးရသစ်တွင် ဆကင်ကောလပ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် ကိုပင်ဟေဂင်မြို့၌ ကျင်းပသည့် ဥရောပသမဂ္ဂ(အီးယူ)ထိပ်သီးအစည်းအဝေးက ဤနိုင်ငံကို တရားဝင် ဖိတ်ကြားသည်။ ထိုနှစ် မတ်လတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သို့ ဝင်ရောက်သည်။ ထိုနှစ် မေလတွင် ဥရောပသမဂ္ဂ(အီးယူ)သို့ ဝင်ရောက်သည့် အဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် ဤနိုင်ငံပါဝင်သည်။

၂၀၀၅ခုနှစ်တွင် အယုံအကြည်မရှိ အဆိုမဲခွဲပြီးနောက် ဝန်ကြီးချုပ်ပက်၏ အစိုးရအဖွဲ့ နုတ်ထွက်လွှာတင်သွင်းလိုက်သည်။ ထိုနှစ် ဧပြီလတွင် ပြုပြင်ပြောင်းလဲရေးပါတီမှ အင်ဒရပ်အင်ဆစ်ဝန်ကြီးချုပ် ဖြစ်လာသည်။ ထိုနှစ်မေလတွင် အက်စတိုးနီးယား-ရုရှား နယ်စပ်ဆိုင်ရာစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ထိုနှစ် ဇွန်လတွင် အက်စတိုးနီးယားပါလီမန်က ယင်းစာချုပ်ကို အတည်ပြုသည်။

> **အက်စတိုးနီးယားသမ္မတနိုင်ငံသည် အရှေ့ဥရောပတွင် တည်ရှိ၊ ဤနိုင်ငံသည် ဆိုဗီယက်ဘောလတစ်သမ္မတနိုင်ငံဟောင်း သုံးနိုင်ငံအနက် မြောက်ဘက်အကျဆုံး နိုင်ငံဖြစ်၊ ဤနိုင်ငံမှာ သေးငယ်ပြီး သစ်တောများ ထူထပ်စွာဖုံးလွှမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်။**

ရွေးချယ်တင်မြှောက်

၂၀၀၆ခုနှစ် မေလတွင် ဤနိုင်ငံပါလီမန်က အီးယူဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုသည်။ ထိုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း တူးမတ်ဟင်ဒရစ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၂၀၀၇ခုနှစ် မတ်လ ပါလီမန်ရွေးကောက်ပွဲကျင်းပသောအခါ ဤနိုင်ငံသည် ပထမဆုံး အင်တာနက်မှ မဲပေးခွင့်ပြုသည့် နိုင်ငံဖြစ်လာသည်။ ဝန်ကြီးချုပ်၏ ပြုပြင်ပြောင်းလဲရေးပါတီက ရွေးကောက်ပွဲတွင်ကပ်ပြီး အနိုင်ရရှိသည်။

သတိပေး

၂၀၀၇ခုနှစ် ဧပြီလတွင် တာကင်းမြို့ရှိ တပ်နီတော်စစ်သည်တစ်ဦး၏ ရုပ်တုကို အာဏာပိုင်များက ဖယ်ရှားပစ်ရာ ရုရှားလူမျိုးအများစုပါဝင်သည့် ကန့်ကွက်သူများနှင့် ရဲတို့အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ တစ်ဦးသေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိသွားသည်။ နောက်ဆက်တွဲ ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ဤနိုင်ငံကို ရုရှားက သတိပေးလိုက်သည်။

အက်စတိုးနီးယားသမ္မတနိုင်ငံသည် မကြာမီနှစ်များအတွင်းမှစ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို စတင်ရရှိလာပြီ ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း(လေဆိပ်အဝင်လမ်း) ကတ္တရာခင်း ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၁၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အတိတ်၏အရိပ် ဇာတ်ကားသစ်ရုံတင်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၆

ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးပြီး အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် **အတိတ်၏အရိပ်**ဇာတ်ကားသစ် ယခုသောကြာပတ်တွင် ရုံဝင်လာသည်။

အတိတ်၏အရိပ်

အတိတ်ကချစ်သူနှင့် ချွတ်စွပ်တူသော မြန်မာမိန်းကလေးနှင့် ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာအမျိုးသားလေးတစ်ဦးအကြောင်း ရိုက်ကူးထားသော အချစ်နှင့်စွန့်စားခန်း ဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းမှာ ဆွစ်ဇာလန်နိုင်ငံအဲလ်ပ်တောင်တန်းတစ်နေရာတွင် နှင်းတောင်ပြိုကျပြီး ကွယ်လွန်သွားသော ချစ်သူဟောင်းကို အောက်မေ့ရင်း ဆွစ်ဇာလန်နိုင်ငံတွင် အခြေချနေထိုင်ကာ ဘဏ်လုပ်ငန်းရှင်ဖြစ်လာသော ကျော်မိုးနိုင်၊ ပြီးတော့ လွန်ခဲ့သော နှစ် ၂၀ကျော်က ကွယ်လွန်ခဲ့သော ချစ်သူနှင့်ချွတ်စွပ်တူသူ နှင်းဖြူဆိုသော မိန်းကလေး။ သူတို့နှစ်ဦး ဆွစ်ဇာလန်နိုင်ငံတွင် အမှတ်မထင်တွေ့ဆုံမိရာမှ ကျော်မိုးနိုင်ကို သဘောကြောင်းကြံသည်အထိ လုပ်ကြံရင်းမှ **အတိတ်၏အရိပ်**ဇာတ်လမ်းဖြစ်လာသည်။ **အတိတ်၏အရိပ်**ကို ရန်ကုန်မြို့တွင် သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများနှင့် မန္တလေး၌ ဝင်းလိုက်နှင့်မြို့မရုံများ၌ တစ်ပြိုင်တည်း ကြည့်ရှုကြရမည်ဖြစ်သည်။

ရှော့ရှိတဲ့အချစ်များ

ဒါရိုက်တာကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ ပါဝင်ထားသည့် **ရှော့ရှိတဲ့အချစ်များ** ဇာတ်ကားမှာ ရွှေဆောင်၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကား

ကိုရီးယားသရုပ်ဆောင် ရိန်းအဓိကပါဝင် သရုပ်ဆောင်ထားသည့် Ninja Assassin ဇာတ်ကားမှာ နေပြည်တော်ရုံတွင် တတိယပတ်မြောက် အောင်ပွဲခံနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် စူပါမင်းသား ရာဂျနီနှင့် မင်းသမီးစရီယာတို့ အဓိကပါဝင် သရုပ်ဆောင်ထားသည့် အိန္ဒိယတောင်ပိုင်းတွင် ဝင်ငွေစံချိန်တင်ခဲ့သော Sivaji The Boss ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။ ဘုရင့်ရုံတွင် မင်းသား အမေးရ်ခန်း နှင့်မင်းသမီးအဆင်းရ်တို့ပါဝင် သရုပ်ဆောင်ထားသည့် စိတ္တဇလူသတ်သမားအကြောင်း ဇာတ်လမ်းဖွဲ့ထားသော Ghagini ဇာတ်ကားပြသနေသည်။

အတိတ်၏အရိပ် ဇာတ်ကားမှ သရုပ်ဆောင်သစ် အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့၏ ရိုက်ကွင်းတစ်နေရာ။

အမုန်းသမိုင်းရုံတင်

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊မိုးဟေကိုနှင့် သင်ဇာဝင့်ကျော်တို့ ပါဝင်ထားသော **အမုန်းသမိုင်း** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်ရုံနှင့် ဝဇီရာ(၂)ရုံများတွင် ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

လားရှိုးစာပေနှင့်စာနယ်ဇင်းအဖွဲ့ သတင်းစာနှင့်စာစောင်များလှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟန်နားကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ဖေဖော်ဝါရီ ၃ရက်က စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သတင်းစာ၊ စာစောင်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်မိုးက ကျောင်းအတွက် လိုအပ်ချက်များ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ဆွေးနွေးကာ သတင်းစာနှင့် စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ဟောပြော

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးသိန်းဟန်(ရာမညသွေးမွှန်)က စာပေဖတ်ရှုခြင်းအကျိုးကျေးဇူး၊ အလုပ်အမှုဆောင် ဒေါ်ခင်သန်းနွဲ့ (မမတရားရေး)က စာပေနှင့်လူငယ်တိုးတက်ရေးနှင့် ဥက္ကဋ္ဌဦးညွန့်ဝေ (ညွန့်ဝေ-ရေစကြို)က ပြည်ထောင်စုစိတ်ဓာတ်ခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လိပ်ကျ-စုန်းပေါ်အိုင် ကျေးရွာ ကျောက်ချောလမ်း ခင်းခြင်းဆောင်ရွက်နေမှုကို မြို့နယ် အမှုဆောင် အရာရှိ ဦး တင် ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့တက်ရောက် ဆုများချီးမြှင့်

မကွေး ဇန်နဝါရီ ၃၀

၁၃၇၁ခုနှစ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် ညနေ ၄နာရီက မကွေးမြို့ မြသလွန်စေတီတော်ကုန်းတော်အနီး ကွင်းပြင်၌ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ပေးအပ်ချီးမြှင့်

ယင်းနောက် ၁၃၇၁ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအား ဆုများအသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် မကွေးမြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၄၅ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

(၁၀၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

မြောက်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် ဘုမ္မာ ၄ လမ်း အမှတ် ၇၂၇နေ ဦးကျော်ကျော်(ခ)ဦးမောင်ကျော် (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် (၁၀၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆားမလောက်အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ညောင်တုန်းမြို့နယ် ဆားမလောက် အခြေခံပညာအထက်တန်းကျောင်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ယင်းကျောင်း၌တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည့် အသက် (၆၀)ပြည့်ပြီး ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ဖိတ်စာမရစေကာမူ တက်ရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများထည့်ဝင်လိုပါက ဦးထွန်းသိန်း ဖုန်း-၀၉-၈၅၈၅၁၇၄၊ ဦးသက်နွယ် ဖုန်း-၀၉-၅၁၇၄၉၉၇၊ ဦးမျိုးလွင် ဖုန်း-၀၉-၈၅၈၆၀၈၈၊ ဦးထွန်းညွန့် ဖုန်း-၀၉-၅၁၇၁၈၈၀၊ ဦးကျော်ဝင်း ဖုန်း-၀၉-၉၉၇၀၆၃၃၊ ဦးလှစိန် ဖုန်း-၀၉-၈၅၅၀၁၉၅၊ ဒေါ်ယဉ်ယဉ်မြင့် ဖုန်း-၀၁-၅၁၀၆၈၁၊ ဒေါ်အေးအေးမူ ဖုန်း-၀၉-၈၅၄၀၃၄၂နှင့် ဒေါ်တင်နွယ်ဝင်း ဖုန်း-၀၉-၈၅၄၀၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် ညောင်ကုန်းရပ်ကွက် ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် ညောင်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ထန်းတပင်မြို့နယ်တွင်ကွင်းဆင်း ဆွေးနွေး

ထန်းတပင် ဇန်နဝါရီ ၃၀

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဘုမ္မတီကျေးရွာ တံခွန်စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ပေါ်လာရေး ဆွေးနွေးသည်။ (ဝဲပုံ)

ပြန်လည်ရှင်းလင်း

ထို့နောက် စာကြည့်တိုက်မှူး ဦးဇော်မင်းနိုင်က စာကြည့်တိုက်အတွက် လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ဦးစီးမှူးနှင့်အဖွဲ့သည် ယင်းနေ့တွင် သရက်တန်းကျေးရွာ၊ လှည်းလမ်းကူးကျေးရွာနှင့် ရွာလေးကုန်း ကျေးရွာများရှိ စာကြည့်တိုက်များသို့ သွားရောက်ကာ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် သက်ဆိုင်ရာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၃၁ရက်က ဇဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ဘက်စုံနှင့်စာပေထူးချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စာပေထူးချွန် ဒုတိယဆုရ မောင်တည်ငြိမ်မြင့်မြတ်အား ကျောင်းအကျိုးတော်ဆောင် နာယက သုဓမ္မဇောတိကဓဇ ဦးချစ်မောင်က ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကျေးရွာချင်းဆက်လမ်း

ဇန်နဝါရီ ၂၄ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသော ပါလောင်-ညောင်ပင်သာကျေးရွာချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တစ်ဦးတည်းဖြစ်ကြောင်း

ရေတာရှည်မြို့ ဆင်ဖြူရှင်လမ်းနေ ၇/ရတရ(နိုင်)၀၆၉၀၁၈ ကိုင်ဆောင်သူ ဦးရာမေ့(ရှ်)နှင့် ဦးအေးနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ချင်းပြည်နယ် မင်းတပ်မြို့နေ ဦးအွမ်ငိုင်း၏သမီး သတ္တမတန်းမှ မမုန်တိုင်းစွန်အား မငိုင်းလျှုံးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မငိုင်းလျှုံးပိုင်။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၆၆၁၈၇ Hensim 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လတ် ၁၂/လကန(နိုင်)၀၁၅၉၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ လားရှိုး။

7-2 (16).pmd 1 2/7/2010, 4:17 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်းနှင့် သာဓုဏ် (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

(၆၃) နှစ်မြောက်
ပြည်ထောင်စုနေ့အကြို
ဂုဏ်ပြုသတင်းဆောင်းပါး

ရေသယံဇာတ အရင်းအမြစ်ကို အကျိုးရှိစွာ သုံးစွဲနိုင်ရန် ရှာဖွေဖော်ထုတ်မှုအဖြစ် ဘားအံမြို့၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းက သံလွင်မြစ်အတွင်းမှ ရေကို ပိုက်လုံးကြီးများဖြင့် သွယ်တန်းစုပ်ယူ၍ ဒေသစိုက်ပျိုးရေးအတွက် အထောက်အကူပြုစေရန် ဖော်ဆောင်ပေးလျက်ရှိသည့် မြင်ကွင်း....။

တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ပြည်ထောင်စုပန်းခင်းကြီးထဲက ဇွဲကပင်မြေ

နေပြည်တော် ဖေဖော်ဝါရီ ၆

သာစွဋ္ဌာနေ ဇွဲကပင်မြေသို့ ဟေမန္တဆောင်းလရာသီ၏ နံနက်စောစောတွင် ကျွန်တော်တို့ သတင်းအဖွဲ့ ရောက်ရှိခဲ့ကြပြန်ပါသည်။ ဇွဲကပင်မြေသို့ ဝင်ရောက်မိသည်နှင့် နှင်းမှုန်ကြားမှ ဇွဲကပင်တောင်ကို စတင်မြင်တွေ့လိုက်ရ၍ မျက်စိပသာဒ ရှိလှပါဘိ။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

မြန်မာ့အလင်း

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ ခိုင်မြဲသော တွဲလက်များနှင့် သွေးချင်းတို့၏ အမိနိုင်ငံတော်သစ်

ကျော်မင်းခေါင်၏ ဆောင်းပါး
စာ - ၈၊ ၉

❖ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ပြည်ထောင်စုပန်းခင်းကြီးထဲက ဇွဲကပင်မြေ

မောင်မောင်ထွေး (သတင်းစဉ်)၏ သတင်းဆောင်းပါး စာ - ၂၀၊ ၆၊ ၇၊ ၁၀၊

❖ ပြည်ထောင်စုနေ့ ဒို့မမေ့

ပန်းတောင်းသန်းကြွယ်၏ ကဗျာ စာ - ၉

❖ ဘေးပြောတာနဲ့ သွေးပြောတာ

ရဲမင်းထက်၏ ကာတွန်း စာ - ၉